# ရပ်ရွာများနှင့် ထိတွေ့ဆက်ဆံခြင်း၊ ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း

## LEAD မူဘောင်အား မိတ်ဆက်ခြင်း



EARTHRIGHTS INTERNATIONAL

# မာတိကာ


နိဒါန်းနှင့် နောက်ခံအကြောင်းအရာ ၁

၁

LEAD ချဉ်းကပ်မှုပုံစံ ၂

၁.၁။ LEAD ဆိုသည်မှာ ၂

၁.၂။ LEAD မူဘောင်ကို သုံးစွဲရခြင်းအကြောင်း ၂

၁.၃။ အဓိကစံတန်ဖိုးများ ၃

၁.၄။ LEAD ပုဂ္ဂိုလ် ၄

၂

LEAD မူဘောင်တွင်ပါဝင်သော 'တည်ဆောက်ခြင်း' နယ်ပယ်သုံးရပ် ၅

၂.၁။ LEAD နှင့်ကိုက်ညီသော နည်းနာကိရိယာများ ၆

၂.၂။ ယုံကြည်မှုတည်ဆောက်ခြင်း ၇

၂.၃။ အသိုက်အဝန်းတည်ဆောက်ခြင်း ၉

၂.၄။ လှုပ်ရှားမှုတည်ဆောက်ခြင်း ၁၃

၃

LEAD နှင့် လူ့အခွင့်အရေးများ ၁၇

၄

မူဘောင် အသုံးပြုပုံ ၁၉

# နိဒါန်းနှင့် နောက်ခံအကြောင်းအရာ

EarthRights သည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရာသီဥတုဆိုင်ရာမမျှတမှုများကို အဆုံးသတ်ရန်အတွက် အရေးပါသော ရပ်ရွာအစုအဖွဲ့များထံ အာဏာပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ရပ်ရွာအစုအဖွဲ့သည် မိမိတို့၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် ထိုအခွင့်အရေးများကို ချိုးဖောက်နေသော နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းများနှင့် အစိုးရများကို တာဝန်ခံမှုရှိစေအောင် လှုပ်ရှားလှုံ့ဆော်ရာ၌ ဗဟိုချက်မတွင်ရှိရမည်ဟု EarthRights က ယုံကြည်ပါသည်။ ထိုကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးနိုင်ရန်အတွက် EarthRights သည် မိမိတို့၏ လေ့ကျင့်ရေး၊ ဥပဒေရေးရာနှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှတဆင့် ထိရောက်သော လှုံ့ဆော်မှု၊ အရေးဆိုတိုက်တွန်းမှုနှင့် ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်မှုတို့တွင် ထိရောက်စေရန် ရပ်ရွာလူထုနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ ရပ်ရွာလူထုနှင့် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို  ကူညီရန် အမျိုးမျိုးသော နည်းနာကိရိယာများနှင့် ဗျူဟာများအပေါ်အခြေခံ၍ ဤလှုပ်ရှားမှုများကို  ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ရပ်ရွာများနှင့် ထိတွေ့ဆက်ဆံခြင်း၊ လုပ်ဆောင်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း (Local Engagement, Action, and Dialogue) ဟူသည့် ဤ LEAD မူဘောင်သည် EarthRights က လက်ရှိဆောင်ရွက်နေသော လူထုဗဟိုပြုချဉ်းကပ်မှုပုံစံကို မှတ်တမ်းတင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် EarthRights နှင့် လုပ်ဖော်ကိုင်ဖက်များက အသုံးပြုနေသည့် ကွဲပြားသော ရပ်ရွာဦးဆောင်မဟာဗျူဟာများနှင့် နည်းနာကိရိယာများကို ပေါင်းစပ်ပြီး LEAD မူဘောင်ကို မိတ်ဆက်ခြင်းနှင့် LEAD နည်းနာကိရိယာများအတွက်  တစ်စုတစ်စည်းတည်းရှိနေသော လမ်းညွှန်မှုအရင်းအမြစ်တစ်ခုဖြစ်လာရန် ရည်ရွယ်ပါသည်။

ဤကဲ့သို့ သီးခြားစီရှိနေသော လုပ်ငန်းများကို တစ်စုတစ်စည်းတည်းဖြစ်ရန် စုပေါင်းရာတွင် LEAD နည်းနာကိရိယာသည် အကျိုးစီးပွားရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရပ်ရွာအစုအဖွဲ့များနှင့် ဆောင်ရွက်မှုများတွင်လည်းကောင်း လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ခု၏ မည်သည့်အဆင့်တွင်မဆို သက်ဆိုင်ရာမဟာဗျူဟာများ၊ လှုပ်ရှားမှုများနှင့် နည်းနာကိရိယာများကို ဖော်ထုတ်အသုံးပြုရန်အတွက် အရင်းအမြစ်တစ်ခု ပံ့ပိုးပေးခြင်းဖြင့် EarthRights ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများကို ပိုမိုထိရောက်စွာ ကူညီပေးနိုင်ဖို့ရန် ရည်ရွယ်ပါသည်။

ဤစာတမ်းသည် LEAD မူဘောင်ကို အကျဉ်းချုံးဖော်ပြထားပြီး ရပ်ရွာဦးဆောင်သော လှုပ်ရှားမှုကို ပံ့ပိုးပေးနိုင်မည့် နည်းနာကိရိယာများကို မိတ်ဆက်ပေးထားပါသည်။



# ၁ LEAD ချဉ်းကပ်မှုပုံစံ

## ၁.၁။ LEAD ဆိုသည်မှာ

LEAD သည် စည်းရုံးလှုံ့ဆော်မှု၊ ဥပဒေရေးရာ ပံ့ပိုးကူညီမှုနှင့် သင်တန်းပေးမှုများအတွက် EarthRights ၏ လူထုဗဟိုပြုချဉ်းကပ်မှုအား စနစ်တကျပြုစုပြီး မျှဝေနိုင်ရန် ရည်ရွယ်ထားသော မူဘောင်တစ်ရပ်ဖြစ်ပါသည်။ ဤမူဘောင်သည် ရပ်ရွာလူထုအား ကူညီပေးခြင်းအားဖြင့် ရပ်ရွာလူထုဦးဆောင်သည့် လှုပ်ရှားမှုများကို ပံ့ပိုးကူညီနိုင်ရန် အောက်ပါနည်းလမ်းများကို ချမှတ်ထားပါသည်။

- မိမိတို့၏ အခွင့်အရေးများကို နားလည်လာစေရန်နှင့် ထိုအခွင့်အရေးများကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း လေးစားရန်တာဝန်ရှိကြောင်း သိမြင်လာစေရန်၊
- ထိုအခွင့်အရေးများကို စောင့်ရှောက်ကာကွယ်နိုင်ရေး တတ်နိုင်သမျှသော လုပ်ဆောင်ချက်များကို ဖော်ထုတ်လာစေရန်၊
- အားကောင်းသော ရပ်ရွာဦးဆောင်လှုပ်ရှားမှုများအတွက် ထိုလုပ်ဆောင်ချက်များကို ခိုင်မာစေမည့် မဟာဗျူဟာများကို ရေးဆွဲအကောင်အထည်ပေါ်လာရန်နှင့်
- မိမိတို့၏ ရပ်ရွာအသိုင်းအဝိုင်းကို ရေရှည်စောင့်ရှောက်ကာကွယ်ပေးနိုင်ရေး ဦးဆောင်ရာတွင် မိမိကိုယ်မိမိယုံကြည်မှု မြင့်တက်လာစေရန်တို့ဖြစ်သည်။

LEAD မူဘောင်သည် အချင်းချင်း ယုံကြည်မှုတည်ဆောက်ရန်၊ ညီညွတ်သော အသိုက်အဝန်းတစ်ခု တည်ဆောက်မှုကို ပံ့ပိုးရန်နှင့် အားကောင်းသောလှုပ်ရှားမှု တည်ဆောက်ရန်အတွက် ရပ်ရွာဗဟိုပြု လုပ်ငန်းစဉ်များနှင့်ပတ်သက်သော အချက်အလက်များကို ပံ့ပိုးပေးပါသည်။ ရပ်ရွာအစုအဖွဲ့များနှင့် ၎င်းတို့ကိုပံ့ပိုးပေးနေသော အရပ်ဘက်အဖွဲ့အစည်းများအနေနှင့် ၎င်းတို့၏ အခွင့်အရေးများအတွက် ပိုမိုကောင်းမွန်သောအကာကွယ်များ ရရှိစေရေး မိမိကိုယ်ကိုယ်ယုံကြည်မှုနှင့် ကျွမ်းကျင်မှုများ အားကောင်းခိုင်မာစေမည့် မဟာဗျူဟာရေးဆွဲခြင်းဆိုင်ရာ အကြံဉာဏ်များနှင့် နည်းနာကိရိယာများကို ရရှိနိုင်စေရန် ဤမူဘောင်က တစ်စုတစ်စည်းတည်းရှိနေသော အရင်းအမြစ် တစ်ခုအဖြစ် ပံ့ပိုးပေးပါသည်။

LEAD ချဉ်းကပ်မှုပုံစံသည် ရပ်ရွာဗဟိုပြုသည့်ပုံစံဖြစ်သောကြောင့် ၎င်း၏ အရင်းအမြစ်များသည် တင်းကျပ်သောလမ်းညွှန်ချက်များ သို့မဟုတ် စည်းမျဉ်းများမဟုတ်ဘဲ ရပ်ရွာအစုအဖွဲ့အတွက် အသုံးဝင်နိုင်မည့် ရွေးချယ်စရာများ၊ နည်းလမ်းများ ဖြစ်ပါသည်။ လုပ်ဆောင်ချက်များနှင့် နည်းနာကိရိယာများသည် အကြောင်းအရာတစ်ခုချင်းစီအလိုက် လိုက်လျောညီထွေရှိရန် လိုအပ်ပြီး မည်သည့်နည်းလမ်းများက အသင့်လျော်ဆုံးနှင့် အသုံးဝင်ဆုံးဖြစ်မည်ကို ရပ်ရွာအစုအဖွဲ့က ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ရပ်ရွာအစုအဖွဲ့၏ ရည်မှန်းချက်များ ပြောင်းလဲလာသည်နှင့်အမျှ ထိုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိစေရန် တိကျသော မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် နည်းနာကိရိယာများကို လိုက်လျောညီထွေဖြစ်အောင် ဖြည့်စွက်ပြုပြင်သွားရမည်ဖြစ်သည်။

## ၁.၂။ LEAD မူဘောင်ကို သုံးစွဲရခြင်းအကြောင်း

LEAD မူဘောင်ကို သုံးစွဲခြင်းဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန်ပံ့ပိုးနေလျက်ရှိသော ရည်ရွယ်ချက် နှစ်ခုကို ပြီးမြောက်စေပါသည်။ ပထမတစ်ချက်မှာ ရပ်ရွာအစုအဖွဲ့များအား အရေးဆိုတိုက်တွန်းမှု၊ တရားဥပဒေရေးရာ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုများ စသည့် အမျိုးမျိုးသော မဟာဗျူဟာများအတွက် အသုံးဝင်နိုင်စေမည့် မဟာဗျူဟာရေးဆွဲခြင်းဆိုင်ရာ အကြံဉာဏ်များနှင့် အထူးသီးသန့် နည်းနာကိရိယာများအနေဖြင့် ပံ့ပိုးပေးပါသည်။ LEAD မူဘောင်ရှိ နည်းနာကိရိယာများမှ ထွက်ပေါ်လာသော ရလဒ်များသည် အရေးဆိုတိုက်တွန်းခြင်းများ၊ ထိတွေ့ဆက်ဆံမှုများ သို့မဟုတ် တရားရေးဆိုင်ရာလုပ်ငန်းစဉ်များအတွက် ရပ်ရွာလူထုက အသုံးပြုနိုင်သည့် ခိုင်မာသော နည်းလမ်းများအနေဖြင့် ပံ့ပိုးပေးပါသည်။

ဒုတိယအချက်မှာ ဤလုပ်ငန်းစဉ်ကိုယ်တိုင်က ရပ်ရွာအစုအဖွဲ့များကို ၎င်းတို့၏ မဟာဗျူဟာအရ အဓိပ္ပာယ်ရှိပြီး တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်စေမည့် ကျွမ်းကျင်မှု၊ စွမ်းရည်နှင့် အကျိုးစီးပွားတို့ကို မြှင့်တင်ရန်နှင့် အားကောင်းလာရန်ဖြစ်ပါသည်။ ထိုကဲ့သို့ တိုးတက်လာသော ကျွမ်းကျင်မှုနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတို့ကို အသုံးချပြီး မိမိတို့၏ ရပ်ရွာအစုအဖွဲ့များကို ရေရှည်ကာကွယ်နိုင်ရန် အထောက်အကူ ပေးပါသည်။

LEAD မူဘောင်၏ ရပ်ရွာဗဟိုပြုနည်းလမ်းသည် ရပ်ရွာအစုအဖွဲ့၏ ရှိရင်းစွဲ စွမ်းအားနှင့် အသိပညာကို လက်ခံကြိုဆိုပြီး မြှင့်တင်ပေးပါသည်။ ထို့အပြင် ရပ်ရွာအစုအဖွဲ့နှင့် ကုမ္ပဏီများ၊ အစိုးရများကဲ့သို့သော စီမံကိန်းများတွင်ပါဝင်လေ့ရှိသည့် အခြားသောအစုအဖွဲ့များအကြားတွင် မကြာခဏဖြစ်ပေါ်လေ့ရှိသော အာဏာချိန်ခွင်မညီမျှမှုကို ပြောင်းလဲပစ်ရန် အထောက်အကူ ဖြစ်စေပါသည်။

LEAD မူဘောင်သည် ပြောင်းလွယ်ပြင်လွယ်ရှိပြီး လိုက်လျောညီထွေလည်းရှိပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ထိလွယ်ရှလွယ်ရှိပြီး စိန်ခေါ်မှုရှိသည့် အမျိုးမျိုးသော နိုင်ငံရေးအခြေအနေများတွင် ရပ်ရွာအစုအဖွဲ့များအတွက် အသုံးဝင်နိုင်ပေသည်။ ဤမူဘောင်သည် ရပ်ရွာအစုအဖွဲ့များအား ၎င်းတို့၏ မဟာဗျူဟာများကို ပိုမိုထိရောက်စွာ ရေးဆွဲနိုင်စေရန်နှင့် မည်သည့် အရေးဆိုတိုက်တွန်းမှုနှင့် လှုပ်ရှားမှုဆိုင်ရာ ပန်းတိုင်အတွက်မဆို အသုံးဝင်သလို လက်တွေ့ကျပြီး မဟာဗျူဟာအရ အရေးပါသော လုပ်ဆောင်မှုများနှင့် နည်းနာကိရိယာများကို ပံ့ပိုးပေးပါသည်။ အခြေအနေတစ်ခုချင်းစီအလိုက် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်ခြင်းကြောင့် ထိလွယ်ရှလွယ်သော နိုင်ငံရေးအခြေအနေများတွင် နေထိုင်လုပ်ကိုင်နေရကြသော ရပ်ရွာအစုအဖွဲ့နှင့် ၎င်းတို့ကိုပံ့ပိုးကူညီလျက်ရှိသော လုပ်ဖော်ကိုင်ဖက်များအနေနှင့် ရပ်ရွာဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုမိုမြှင့်တင်ရန် လုပ်ဆောင်နိုင်ပါသည်။ ဤပြောင်းလွယ်ပြင်လွယ်သည့် ကိရိယာနည်းလမ်းများနှင့် လုပ်ဆောင်မှုများကို သီးခြားစီသော်လည်းကောင်း၊ အတူတကွသော်လည်းကောင်း အသုံးချနိုင်ပြီး အကယ်၍ ရပ်ရွာအစုအဖွဲ့၏ရည်မှန်းချက်များအနေနှင့် ပြောင်းလဲမှု တစ်စုံတစ်ရာရှိလာခဲ့လျှင်သော်မှ ဤချဉ်းကပ်မှုပုံစံသည် အသုံးဝင်နေဦးမည်ဖြစ်ပါသည်။

## ၁.၃။ အဓိကစံတန်ဖိုးများ

EarthRights က ကျင့်သုံးသော ရပ်ရွာဗဟိုပြုနည်းလမ်းနှင့် ကိုက်ညီမှုရှိစေရန် LEAD မူဘောင်ကို အောက်ပါ အဓိကစံတန်ဖိုးများအပေါ်တွင် အခြေခံထားပါသည်။

- **ရပ်ရွာအစုအဖွဲ့ကို ဗဟိုပြုခြင်း။** ရပ်ရွာအစုအဖွဲ့များသည် အသိပညာ၏ အဓိကအရင်းအမြစ်များ၊ အပြောင်းအလဲများကို ဦးစီးပဲ့ကိုင်သူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများ ဖြစ်ပေသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO) များကဲ့သို့သော ပံ့ပိုးကူညီပေးသည့် မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် မိမိတို့၏အခန်းကဏ္ဍကို ခေါင်းဆောင်များအနေဖြင့်မဟုတ်ဘဲ မဟာမိတ်များအဖြစ်သာ ရှုမြင်သင့်သည်။
- **ရှိနေပြီးသောဖွဲ့စည်းပုံများကို အသုံးပြုခြင်းနှင့် ပူးပေါင်းပါဝင်မှုကိုမြှင့်တင်ခြင်း။** ရွေးချယ်ထားသော မဟာဗျူဟာများသည် ရပ်ရွာအစုအဖွဲ့တွင် လက်ရှိအသုံးချနေသော အသိပညာနှင့် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်ပုံစံများမှ စတင်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် ယင်းမဟာဗျူဟာများသည် ရပ်ရွာလူထု၏ပါဝင်မှုကို အားပေးကူညီသင့်ပေသည်။ ယင်း၏ အဓိပ္ပာယ်မှာ ရပ်ရွာအစုအဖွဲ့အတွင်းရှိ မတူကွဲပြားသော လူအုပ်စုများကို ထိတွေ့ဆက်ဆံရန်နှင့် အထူးသဖြင့် ဖယ်ကြဉ်ထားခံရလေ့ရှိသော လူများ၏အသံအပါအဝင် ပြည်သူအားလုံး၏အသံများကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ရပါမည်။
- **ရေရှည်အတွက်သန္နိဋ္ဌာန်ချဆောင်ရွက်ခြင်း။** လုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုးကူညီမှုသည် စီမံကိန်းပရောဂျက်အခြေခံမဟုတ်သည့်အပြင် ကမ်ပိန်းလှုပ်ရှားမှုတစ်ခု ပြီးဆုံးသည်နှင့်လည်း ရပ်တန့်သွားရမည်မဟုတ်ပါ။ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းသည် ရေရှည်ပံ့ပိုးမှုပေးရန် သန္နိဋ္ဌာန်ချဆောင်ရွက်သင့်ပြီး မိမိတို့ကို ရပ်ရွာအစုအဖွဲ့က မလိုအပ်တော့သည့်အချိန်မှသာ ဆုတ်ခွာသင့်ပေသည်။

- **ရပ်ရွာဘေးကင်းရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောလူနေမှုဘဝကို ဦးစားပေးခြင်း။** အခွင့်အရေးများအတွက် အရေးဆိုတိုက်တွန်းမှုသည် ရပ်ရွာအစုအဖွဲ့များကို ဘေးအန္တရာယ်ဖြစ်စေနိုင်ပြီး ၎င်းတို့၏ဘဝများကို ပုံစံအမျိုးမျိုးဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ မြေကမ္ဘာအခွင့်အရေး ကာကွယ်သူများ (Earth Rights Defenders-ERDs) များသည် ၎င်းတို့၏အလုပ်များကို လုပ်ဆောင်နေစဉ် သိသာထင်ရှားသော ဘေးအန္တရာယ်များရှိနိုင်ပေသည်။ LEAD မူဘောင်ဖြင့် မဟာဗျူဟာများ ရေးဆွဲရာတွင် အခြေအနေတစ်ရပ်ချင်းစီတွင် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များနှင့် ရပ်ရွာပြည်သူတို့၏ နေ့စဉ်ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပုံတို့ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ယင်းနောက် ထိုပြဿနာများကို မည်ကဲ့သို့ အကောင်းဆုံးရင်ဆိုင် ဖြေရှင်းနိုင်မည်ကို သိရှိနိုင်စေရန် ရပ်ရွာအစုအဖွဲ့အားအကူအညီပေးရန်နှင့် ပြဿနာများပေါ်ပေါက်ပါက ပံ့ပိုးကူညီမှုများ ပေးရမည်ဖြစ်သည်။

## ၁.၄။ LEAD ပုဂ္ဂိုလ်

EarthRights ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အထက်ဖော်ပြပါ အဓိကစံတန်ဖိုးများနှင့်အညီ ရပ်ရွာပြည်သူလူထု၏ ကြိုးစားအားထုတ်များကို ပံ့ပိုးကူညီရန် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချသူအဖြစ် ညွှန်ကြားရန် သို့မဟုတ် လုပ်ဆောင်ရန် လုံးဝမဟုတ်ပါ။ ရပ်ရွာ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကို ဦးစားပေးရပါမည်။

ရပ်ရွာအစုအဖွဲ့နှင့်ပူးပေါင်းပြီး မဟာဗျူဟာရေးဆွဲရေးကို ထိထိရောက်ရောက် အကူအညီပေးနိုင်ရန်မှာ ပံ့ပိုးပေးသည့် Earth-Rights နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် LEAD မူဘောင်တွင် ပါရှိသည့် အမျိုးမျိုးသော နည်းနာကိရိယာများနှင့် လုပ်ဆောင်ချက်များကို နားလည်ရန် တာဝန်ရှိပါသည်။ ယင်းမှသာ ရပ်ရွာလူထုအနေနှင့် ၎င်းတို့၏ပန်းတိုင်များကို အားကောင်းသော မဟာဗျူဟာတစ်ရပ် ဖြစ်လာစေရန် ရှာဖွေဖော်ထုတ်ပြီး ပြန်လည်ပြင်ဆင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ သီးခြားမဟာဗျူဟာများ သို့မဟုတ် ကိရိယာနည်းလမ်းများနှင့်စပ်လျဉ်းပြီး အတွေ့အကြုံရှိသော အခြားလုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုးကူညီမှုများကိုလည်း အထောက်အကူဖြစ်မည်ဆိုလျှင် ထည့်သွင်း နိုင်ပါသည်။

ပွင့်လင်းမြင်သာမှုနှင့် မျှော်လင့်ချက်များအပေါ် စီမံခန့်ခွဲမှုသည်လည်း အရေးကြီးပါသည်။ ဤကိရိယာနည်းလမ်းများကို ရပ်ရွာအစုအဖွဲ့က ဦးဆောင်လုပ်ဆောင်ရသောကြောင့် မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် ရပ်ရွာအစုအဖွဲ့က ရွေးချယ်ထားသော ကိရိယာနည်းလမ်းများနှင့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်အချိန်နှင့် လုပ်ငန်းအဆင့်များအကြောင်းကို ရှင်းရှင်းလင်းလင်း သိရှိထားရပါမည်။ နည်းနာကိရိယာတစ်ခုချင်းစီ၏ ထိရောက်မှုအလားအလာအပြင် ယင်းတို့၏ ကန့်သတ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့်ပါသည်။ အရေးကြီးသည်မှာ ဤနည်းနာကိရိယာနည်းများထဲက တစ်ခု တလေကမျှ မုချအောင်မြင်စေလိမ့်မည်ဟု အာမခံချက်မပေးနိုင်ကြောင်း ရပ်ရွာကို ရှင်းရှင်းလင်းလင်းသိအောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။ ပိုမိုစုစည်းမှုရှိသည့် ရပ်ရွာအစုအဖွဲ့ဖြစ်လာအောင် ဖော်ဆောင်နိုင်ခြင်းကပင် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ရှင်းပြသင့်သည်။



# ၂ LEAD မူဘောင်တွင်ပါဝင်သော 'တည်ဆောက်ခြင်း' နယ်ပယ်သုံးရပ်

LEAD မူဘောင်သည် 'တည်ဆောက်ခြင်း' လုပ်ငန်းစဉ်များပေါ်တွင် အခြေခံထားပါသည်။ ယင်းတို့တွင် ယုံကြည်မှုတည်ဆောက်ခြင်း၊ ရပ်ရွာအသိုက်အဝန်း တည်ဆောက်ခြင်းနှင့် လှုပ်ရှားမှုများတည်ဆောက်ခြင်းတို့ပါဝင်သည်။ ထိုလုပ်ငန်းစဉ်များကို ပန်းခြံတစ်ခုသဖွယ် ပုံဖော်ကြည့်နိုင်ပါသည်။ နည်းဗျူဟာများသည် အမြစ်များဖြစ်ပြီး နည်းနာကိရိယာများ၊ ဆောင်ရွက်ချက်များနှင့် ရည်မှန်းချက်ပန်းတိုင်များမှာ ပန်းပွင့်လေးများဖြစ်ပါသည်။ ခိုင်မာသောအမြစ်များရှိမှသာ ပန်းများကြီးထွားပွင့်လန်းရန် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပါသည်။ ဤစာတမ်းပါပန်းပွင့်များသည် ကျယ်ပြန့်သော ရည်မှန်းချက်ပန်းတိုင်များကို ရည်ညွှန်းထားသော်လည်း လက်တွေ့အသုံးချသည့်အခါတွင် ယင်းတို့မှာ ရပ်ရွာကသတ်မှတ်ထားသော သီးခြားရည်မှန်းချက်ပန်းတိုင်များ ဖြစ်ပေလိမ့်မည်။

ယုံကြည်မှုတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်သည် ရပ်ရွာအစုအဖွဲ့များနှင့် ပံ့ပိုးကူညီပေးနေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များအကြား ယုံကြည်မှုရှိစေရန်နှင့် ခိုင်မာပြီးရေရှည်တည်တံ့သော သာတူညီမျှဆက်ဆံရေး ပေါ်ထွက်လာစေရန်တို့ဖြစ်သည်။ အသိုက်အဝန်းတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်မှာ ရည်မှန်းချက်ပန်းတိုင်များနှင့် ဗျူဟာများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်ပြီး ယင်းတို့ကို အောင်မြင်ပြည့်မီစေရန် လိုအပ်သော စိတ်ဝင်စားမှု၊ စည်းလုံးညီညွတ်မှုနှင့် ကျွမ်းကျင်မှုများရှိလာအောင် ရပ်ရွာလူထုအား ပံ့ပိုးကူညီဖို့ရန်ဖြစ်သည်။ လှုပ်ရှားမှုတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာလူထုများ၏ ရည်မှန်းချက်များပြည့်မီစေရေး ထိတွေ့ဆက်ဆံမှု၊ စည်းရုံးလှုံ့ဆော်မှုနှင့် လှုပ်ရှားမှုစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန်ဖြစ်သည်။

ယင်း 'တည်ဆောက်ခြင်း'၏ မတူညီသော လုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာချိတ်ဆက်နေပြီး ထပ်တူကျနေနိုင်ပေသည်။ ဥပမာအားဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အသိုက်အဝန်းတည်ဆောက်ခြင်းတို့သည် ရပ်ရွာနှင့် ပံ့ပိုးကူညီနေသော မိတ်ဖက်အဖွဲ့အစည်းများအကြား ယုံကြည်စိတ်ချရသော အလုပ်သဘောဆက်ဆံရေး ပေါ်ပေါက်လာစေရန်နှင့် လက်ရှိရပ်ရွာအစုအဖွဲ့၏ စွမ်းရည်နှင့်အရည်အချင်းများကို အားကောင်းလာစေရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ယင်းတို့သည် ရပ်ရွာအစုအဖွဲ့များ၏ စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ ရည်မှန်းချက်များ ထိရောက်ခိုင်မာစေရန် ပံ့ပိုးပေးပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ရပ်ရွာအစုအဖွဲ့တစ်ခုသည် အထောက်အပံ့အကူအညီ ရယူလိုသော်လည်း အလားအလာရှိသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ခိုင်မာသောဆက်ဆံရေးမျိုး ရှိလိမ့်မည်မဟုတ်ပေ။ အခြားဥပမာတစ်ခုမှာ ရပ်ရွာအစုအဖွဲ့သည် လှုပ်ရှားမှု၏ ရည်မှန်းချက်ပန်းတိုင်များအတွက် မဟာဗျူဟာများကို ဖော်ထုတ်ရေးဆွဲခြင်းမပြီးစီးမီ ၎င်းတို့၏ကျွမ်းကျင်မှုနှင့် စွမ်းရည်များ အားကောင်းစေရန် ပံ့ပိုးကူညီပေးရန် တောင်းခံခြင်းဖြစ်သည်။

ဤမူဘောင်သည် ရပ်ရွာလူထုက မျှော်မှန်းထားသောပန်းတိုင်များကို ပံ့ပိုးနိုင်ရန် EarthRights နှင့် မိတ်ဖက်အဖွဲ့အစည်းများက အသုံးပြုသော လှုပ်ရှားမှုများနှင့် ကိရိယာနည်းနာများဆိုင်ရာ လမ်းညွှန်ချက်များနှင့် အချက်အလက်များကိုပေးပါသည်။ ထိုအထဲတွင် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ကွန်ရက်တည်ဆောက်ရေးနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ၊ ထိတွေ့ဆက်ဆံမှုနှင့် လှုံ့ဆော်မှုဆိုင်ရာ လုပ်ဆောင်ချက်များလည်း ပါဝင်ပါသည်။ ဤလှုပ်ရှားမှုများသည် LEAD မူဘောင်၏ လူထုဗဟိုပြုချဉ်းကပ်မှုကို ထင်ဟပ်စေသည်။ ယင်းတို့သည် သီးခြားအကြောင်းအရာအလိုက်ဖြစ်နိုင်သလို လိုက်လျောညီထွေလည်း ဖြစ်နိုင်ပါသည်။ ထို့အပြင် ရပ်ရွာဦးဆောင်သော လှုပ်ရှားမှုအတွက် ဗျူဟာတစ်ခုလည်း ဖန်တီးနိုင်ပါသည်။

## ၂.၃။ LEAD နှင့်ကိုက်ညီသော နည်းနာကိရိယာများ

ဤမူဘောင်ထဲတွင် LEAD နှင့်ကိုက်ညီသော နည်းနာကိရိယာများပါဝင်ပါသည်။ ဤကိရိယာနည်းလမ်းများမှာ ပို၍စနစ်တကျစီစဉ်ဖွဲ့စည်းမှုများဖြစ်ပြီး တရားဝင်ပုံစံဆန်သော ဆောင်ရွက်မှုများဖြစ်ပါသည်။ ယင်းတို့တွင် EarthRights က ရေးဆွဲသော နည်းနာကိရိယာများ (CD-OGM ကို ပုံစံရေးဆွဲခြင်း) ပါဝင်သလို အခြားအဖွဲ့အစည်းများက ရေးဆွဲပြီး EarthRights က အသုံးပြုနေသော နည်းနာကိရိယာများလည်း ပါဝင်ပါသည်။ အနာဂတ်ကာလတွင် နည်းနာကိရိယာအသစ်များကိုလည်း ဖြည့်စွက်ပေါင်းထည့်ကောင်း ပေါင်းထည့်ပါမည်။ လက်ရှိတွင် အောက်ပါတို့ပါဝင်ပါသည်။

- ရပ်ရွာသဘာဝသယံဇာတများ၏ တည်ရှိမှုအခြေအနေကို မှတ်တမ်းတင်ခြင်း
  (Community Natural Resource Mapping - CNRM)
- ရပ်ရွာကျန်းမာရေးသက်ရောက်မှုကိုဆန်းစစ်ခြင်း
  (Community Health Impact Assessment - CHIA)
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ငန်းစဉ်တွင် ရပ်ရွာက ပါဝင်ခြင်း
  (Community Engagement with Environmental Impact Assessments - CEWEIAs)
- ရပ်ရွာက ဦးဆောင်သော နစ်နာမှုဖြေရှင်းရေးယန္တရားကို ရေးဆွဲခြင်း
  (Community-Driven Operational-level Grievance Mechanism - CD-OGM)

**ရပ်ရွာသဘာဝသယံဇာတများ၏ တည်ရှိမှုအခြေအနေကို မှတ်တမ်းတင်ခြင်း (CNRM)သည်** ရပ်ရွာအစုအဖွဲ့ များ၏ ရပ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဝန်းကျင်အခြေအနေများကို မှတ်တမ်းတင်ရန်အတွက် သတင်းအချက် အလက်များစုဆောင်းသော နည်းလမ်းကိရိယာတစ်ခု ဖြစ်ပါသည်။ ရပ်ရွာအဖွဲ့ဝင်များကို အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးကာ ၎င်းတို့၏ ဝန်းကျင်အခြေအနေကို မှတ်တမ်းတင်ရာတွင် ဦးဆောင်စေပါသည်။ ဤလုပ်ငန်းစဉ်တွင် ရေအရင်းအမြစ်များ၊ လယ်ယာမြေများ၊ ဒေသစီးပွားရေးနှင့် မြေယာနှင့် အရင်းအမြစ်များ၏ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာအရေးပါမှုတို့ကို မှတ်တမ်းတင်ခြင်းတို့ ပါဝင်နိုင်ပါသည်။ ထိုကဲ့သို့ စနစ်တကျမှတ်တမ်းတင်ထားခြင်းဖြင့် မြေယာများနှင့် ယင်းတို့၏ တန်ဖိုးအမှန်ကို တိကျပြီး မှန်ကန်ကြောင်း အတည်ပြုပေးနိုင်သော မှတ်တမ်းတစ်ခု ဖော်ထုတ်ထားရှိရာတွင် အထောက်အကူပေးသလို ဒေသတွင်း သဘာဝအရင်းအမြစ်များကို တန်ဖိုးထားလာစေရန်ကိုလည်း ရပ်ရွာပြည်သူများအား ပံ့ပိုးပေးပါသည်။ ထို့အပြင် အနာဂတ်တွင် အရေးဆိုတိုက်တွန်းမှုများအတွက် အသုံးဝင်မည့် အခြေခံအချက်အလက်များကိုလည်း ပေးပါသည်။


**ရပ်ရွာကျန်းမာရေးသက်ရောက်မှုကိုဆန်းစစ်ခြင်း (CHIA)သည်** ရပ်ရွာလူထုအား ၎င်းတို့၏ ရပ်ရွာအတွင်းရှိ စီမံကိန်းတစ်ခုကြောင့် ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်နိုင်မှုများကို မှတ်တမ်းတင်နိုင်ရန် အကူညီပေးသည့် အချက်အလက်စုဆောင်းသော နည်းနာကိရိယာနောက်တစ်ခုဖြစ်ပါသည်။ စီမံကိန်းတစ်ခုက ရပ်ရွာ၏ သဘာဝအရင်းအမြစ်များ၊ စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်များအပေါ် မည်သို့သော သက်ရောက်မှုများရှိသည်၊ ရှိနိုင်ခြေရှိသည်တို့ကို ဖော်ထုတ်မှတ်တမ်းတင်ရာတွင် ဦးဆောင်ခြင်းနှင့် အမျိုးမျိုးသော လုပ်ငန်းဆောင်တာများအတွက် ရပ်ရွာအဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပါသည်။ အချို့သော လုပ်ဆောင်ချက်များသည် CNRM တွင်ပါရှိသော လုပ်ဆောင်မှုများနှင့် ထပ်တူကျနေပါသည်။ ဤနေရာတွင် 'ကျန်းမာရေး' ဟူသော အသုံးအနှုန်းသည် စီမံကိန်းကြောင့် သက်ရောက်မှုရှိနိုင်သော အကြောင်းရင်းများစွာအပါအဝင် ရပ်ရွာ၏ အလုံးစုံကျန်းမာရေးကို ရည်ညွှန်းပါသည်။ နောင်တွင် အရေးဆိုတိုက်တွန်းမှု သို့မဟုတ် ကုစားမှုတို့ကို ရှာဖွေရာ၌ ဤကဲ့သို့ စုဆောင်းထားသော အချက်အလက်များက အသုံးဝင်နိုင်ပါသည်။

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် ရပ်ရွာလူထုက ပါဝင်ခြင်း (CEWEIAs)** မှာ ဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုအပေါ် လွှမ်းမိုးနိုင်ရန် သို့မဟုတ် အန္တရာယ်ရှိသောသက်ရောက်မှုများကို ဖြေရှင်းပေးခြင်းမပြုပါက ယင်းစီမံကိန်းအား ရပ်တန့်ရန် ကြိုးပမ်းရာတွင် ရပ်ရွာလူထုအတွက် ထိတွေ့ဆက်ဆံရေးနှင့် အရေးဆိုတိုက်တွန်းရေးကို လုပ်ဆောင်သော နည်းနာကိရိယာတစ်ခုဖြစ်

ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) လုပ်ငန်းစဉ်သည် စီမံကိန်းတစ်ခု၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်ခြင်း ဖြစ်ပြီး ယင်းစီမံကိန်းကို အတည်မပြုမီ ကနဦးတွင် အပြီးသတ်ဆောင်ရွက်ရပါသည်။ နိုင်ငံတစ်ခုချင်းစီတွင် အများသူငါ ပူးပေါင်း ပါဝင်မှုဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကွဲပြားခြားနားသော ဥပဒေများရှိကြသည်။ သို့သော် ယေဘုယျအားဖြင့်မူ စီမံကိန်းကြောင့် ထိခိုက်ခံရနိုင်ခြေရှိသော ရပ်ရွာလူထုများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေနှင့် EIA လုပ်ငန်းစဉ်၏ မတူညီသောအဆင့်များတွင် စီမံကိန်းနှင့်ပတ်သက်ပြီး ဝင်ရောက်လွှမ်းမိုးဆောင်ရွက်နိုင်ခွင့်၊ စိုးရိမ်မှုများကို ပြောကြား ခွင့်နှင့် စီမံကိန်းကို ပြောင်းလဲရန် သို့မဟုတ် ဖြေရှင်းနည်းများကို အကြံပေးနိုင်ရန် အခွင့်အလမ်းများ ရှိသင့်ပါသည်။ အကယ်၍ ရပ်ရွာအစုအဖွဲ့အနေနှင့် EIA လုပ်ငန်းစဉ်တွင် ပါဝင်ရန် ဆုံးဖြတ်ပါက ဤနည်းနာကိရိယာသည် ၎င်းတို့အား လိုအပ်သော လမ်းညွှန် မှုများပေးနိုင်ပါသည်။

**ရပ်ရွာကဦးဆောင်သော နစ်နာမှုဖြေရှင်းရေး လုပ်ငန်းယန္တရား (CD-OGM)** ကို ရေးဆွဲခြင်းသည် စီမံကိန်းမှ ပေါ်ထွက်လာသော ဘေးအန္တရာယ်များအတွက် ပြန်လည်ကုစားပေးရာတွင် လက်လှမ်းမီနိုင်ရန် အထောက်အကူပေးသော နည်းနာကိရိယာတစ်ခု ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများ (United Nations Guiding Principles on Business and Human Rights) အရ ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ လုပ်ဆောင်ရာ တွင် ဒေသဆိုင်ရာ ပြန်လည်ကုစားမှုလုပ်ငန်းစဉ်ကို ရေးဆွဲရန် သို့မဟုတ် ထိုလုပ်ငန်းစဉ်တွင်ပါဝင်ရန် မျှော်လင့်ချက်ထားရှိပါသည်။ ယင်းကို လုပ်ငန်းအဆင့်နစ်နာမှု ဖြေရှင်းရေးနည်းလမ်း (OGM) ဟု ခေါ်လေ့ရှိသည်။ အများအားဖြင့် ဤယန္တရားများကို ကုမ္ပဏီ များကသာ ရေးဆွဲအကောင်ထည်ဖော်လေ့ရှိသော်လည်း ရပ်ရွာကဦးဆောင်သော နစ်နာမှုဖြေရှင်းရေးနည်းလမ်းတွင်မူ ရပ်ရွာ အနေနှင့် မည်သို့သောလုပ်ငန်းစဉ်များကို လိုချင်သည်၊ မည်သည့်ဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းသင့်သည်ဆိုသည်တို့နှင့် ရသင့်ရထိုက်သော ကုစားမှုအမျိုးအစားများကို ရပ်ရွာကဦးဆောင်ရေးဆွဲပြီး ရှင်းပြထားပါသည်။ အခြားနည်းလမ်းအနေဖြင့် ရပ်ရွာလူထုသည် ကုမ္ပဏီနှင့်ပူးပေါင်းပြီး ရေးဆွဲခြင်းလည်း ဆောင်ရွက်နိုင်ပါသည်။

## ၂.၂။ ယုံကြည်မှုတည်ဆောက်ခြင်း



ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ရရှိလာသည့်ယုံကြည်မှုအား မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းသည် အရေးကြီးသည့်အပြင် အခြေအနေအချိန်အခါအပေါ်တွင်လည်း မူတည်ပါသည်။ ယင်းသည် မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် လက်ရှိတွင် ရပ်ရွာနှင့် ဆက်ဆံရေး ရှိ-မရှိ၊ ထို့အပြင် ရပ်ရွာများ၏ မိတ်ဖက်အဖွဲ့အစည်းများ အထူးသဖြင့် NGO များနှင့်ပတ်သက်ပြီး ယခင်ကအတွေ့အကြုံများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လက်တွေ့ကျသောကိစ္စရပ်များအပြင် နိုင်ငံရေးအခြေအနေ၏ အကဲဆတ်မှုတို့အပေါ်တွင်လည်း မူတည်ပါသည်။ ယုံကြည်မှုတည်ဆောက်ရန်အတွက် အပြန်အလှန်သဘောရှိခြင်း၊ ရိုးသားခြင်းနှင့် လေးစားခြင်းတို့ရှိရန် လိုအပ်ပါသည်။ ယုံကြည်မှုတည်ဆောက်ရန်နှင့် ယုံကြည်မှုကို ထိန်းသိမ်းထားရန်မှာ အချိန်လိုအပ်သလို စဉ်ဆက်မပြတ်လုပ်ဆောင်ရန် လိုအပ်ပါသည်။


- **အမြတ်ထုတ်သည့် အပြုအမူအလေ့အကျင့်များကို ရှောင်ရှားခြင်းနှင့် လေးစားမှုကို ပြသခြင်း။** အဓိကစံတန်ဖိုးများကို လိုက်နာပြီး ရပ်ရွာ၏ အခရာကျသောအခန်းကဏ္ဍကို သတိရရပါမည်။ မိမိ၏ အခန်းကဏ္ဍသည် ကူညီပံ့ပိုးမှုပေးခြင်း၊ ဒေသန္တရအသိပညာနှင့် ဤလုပ်ငန်းစဉ်သည် ရပ်ရွာက ဦးစီးဆောင်ရွက်မှုရှိရန် အရေးကြီးပုံကိုပြသခြင်းတို့ဖြစ်ကြောင်း၊ ထို့အပြင် လက်တွဲလုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာအကျိုးအတွက်ဖြစ်ကြောင်းတို့ကို လုပ်ဆောင်မှုများဖြင့် သက်သေပြရမည်။

- **ရိုးသားခြင်းနှင့် ပွင့်လင်းမြင်သာရှိခြင်း။** မိမိ၏အခန်းကဏ္ဍအကြောင်း၊ မည်သည့်နည်းဗျူဟာ သို့မဟုတ် လုပ်ဆောင်မှုတွင်မဆို ကန့်သတ်ချက်များနှင့် ဆက်စပ်ပါဝင်နေသော ဘေးအန္တရာယ်များအကြောင်းတို့ကို ရှင်းရှင်းလင်းလင်းသိအောင်ပြောပြရမည်။ ရပ်ရွာလူထု၏ မျှော်လင့်ထားမှုများနှင့် မိမိနှင့် သူတို့အကြားက ဆက်ဆံရေးတို့ကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ထားရန် အရေးကြီးပါသည်။

- **ရပ်ရွာကို အချိန်ပေးခြင်း။** မိမိပံ့ပိုးပေးနေသော ရပ်ရွာအစုအဖွဲ့ကို အချိန်ပေးခြင်းသည် ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်ရန် အရေးပါသော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် ရပ်ရွာနှင့် စီမံကိန်းအကြောင်းကို နားလည်ရန်လည်း အထောက်အကူဖြစ်စေပါသည်။

- **သန္နိဋ္ဌာန်ကို သက်သေပြခြင်း။** ရပ်ရွာတွင် ဆက်လက်နေရန် အခြေအနေမရှိတော့လျှင် သို့မဟုတ် ရပ်ရွာလူထုက ဆက်လက်မနေစေလိုလျှင်ပင် မိတ်ဖက်အဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်ရွာနှင့် ပူးပေါင်းလုပ်ဆောင်ရန် မိမိ၏ သန္နိဋ္ဌာန်ချမှတ်ထားမှုနှင့်ပတ်သက်ပြီး သက်သေပြရန် နည်းလမ်းအမျိုးမျိုးရှိပါသည်။ ဆက်လက်၍ ပုံမှန်ဆက်သွယ်နေခြင်း၊ ရပ်ရွာအတွက် လိုအပ်နိုင်သည့် သတင်းအချက်အလက်များကို ပြန်လည်ပေးပို့ခြင်းနှင့် သန္နိဋ္ဌာန်ချမှတ်ထားသည့်အတိုင်း သို့မဟုတ် ကတိများပေးထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် မိတ်ဖက်အဖွဲ့အစည်းအနေနှင့် ရပ်ရွာလူထုကို မိမိတို့သည် ၎င်းတို့အား မဟာမိတ်အဖြစ်ပံ့ပိုးပေးရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း သက်သေပြဖို့ရန် အထောက်အကူဖြစ်စေပါသည်။

## ၂.၃။ အသိုက်အဝန်းတည်ဆောက်ခြင်း




### ၂.၃.၁။ သတင်းအချက်အလက် အတူတကွစုဆောင်းခြင်းနှင့် သုတေသနဆောင်ရွက်ခြင်း

ရပ်ရွာအနေနှင့် ၎င်းတို့၏ဒေသတွင် စီမံကိန်းတစ်ခု စီစဉ်ထားကြောင်းကို အကြောင်းအမျိုးမျိုးကြောင့် မသိရှိနိုင်ကြပေ။ သိရှိခဲ့လျှင်လည်း စီမံကိန်းတွင် မည်သည့်ပုံစံ မည်သည့်အရာများပါဝင်ပြီး မည်ကဲ့သို့ သက်ရောက်မှုရှိမည်ဆိုသည်ကို မသိနိုင်ကြပါ။ စီမံကိန်းဆောင်ရွက်သူများသည် စီမံကိန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ရပ်ရွာလူထုကို လုံးဝအသိမပေးဘဲသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းမျှသာ အသိပေး၍သော်လည်းကောင်း၊ မမှန်ကန်သောအချက်အလက်များကို ပေး၍သော်လည်းကောင်း ပြုလုပ်လေ့ရှိပါသည်။ သတင်းအချက်အလက်များ လက်လှမ်းမီရေးသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း ယင်းတို့ကို ရရှိနိုင်ရန်မှာ စိန်ခေါ်ချက်များစွာရှိနေပါသည်။ သတင်းအချက်အလက်ရနိုင်ရေးသည် စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၏ သက်ရောက်မှုများကို ရင်ဆိုင်နေရသော ရပ်ရွာလူထုအတွက် အခက်အခဲအဖြစ်ရှိနေဆဲဖြစ်သည်။ အတူတကွပူးပေါင်းပြီး သုတေသနဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်စုဆောင်းခြင်းဆိုင်ရာ လှုပ်ရှားမှုများကို လုပ်ဆောင်ခြင်းသည် ရပ်ရွာလူထုအတွက် လိုအပ်သော အချက်အလက်များကို ရရှိစေရန် အထောက်အကူဖြစ်စေရုံသာမက ရပ်ရွာလူထု၏ စိတ်ဝင်စားမှု၊ ယုံကြည်မှုနှင့် ခေါင်းဆောင်မှုကိုလည်း တိုးပွားစေနိုင်ပါသည်။

- ■ **လေ့လာရေးခရီးစဉ်များ**

စီမံကိန်းတစ်ခု၏ ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများအကြောင်း ရပ်ရွာလူထုကို ပိုမိုနားလည်လာစေမည့် ထိရောက်သောနည်းလမ်းတစ်ခုမှာ အလားတူစီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကို ကိုယ်တွေ့သွားရောက်ကြည့်ရှုလေ့လာခြင်းဖြစ်သည်။ အကျိုးစီးပွားတွင် ပါဝင်ပတ်သက်နေသူများသည် စီမံကိန်းများအကြောင်းကို ရပ်ရွာများနှင့် စကားပြောဆိုသောအခါတွင် စီမံကိန်းကြောင့် အမှန်တကယ်ဖြစ်နိုင်သည့်အန္တရာယ်တို့ကို မကြာခဏ လျှော့ပေါ့၍ ပြောလေ့ရှိကြသည်။ EIA ကဲ့သို့သော စာရွက်စာတမ်းများပေါ်တွင် ဖော်ပြထားသည့် သက်ရောက်မှုအတိုင်းအတာတို့ကို စိတ်ကူးကြည့်ရန်မှာလည်း ခက်ခဲနိုင်ပေသည်။ လေ့လာရေးခရီးစဉ်များသည် အလားတူစိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို ရင်ဆိုင်ရနိုင်သည့် ရပ်ရွာအစုအဖွဲ့အများအကြား စည်းလုံးညီညွတ်မှုနှင့် မိတ်ဖက်ကွန်ရက်တည်ဆောက်မှုတို့အတွက် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးပါသည်။

## ရှာဖွေမှတ်တမ်းတင်ခြင်း ဆောင်ရွက်မှုများ

ရှာဖွေမှတ်တမ်းတင်ခြင်းအလုပ်သည် ခိုင်မာယုံကြည်ရသော အချက်အလက်များကို မှတ်တမ်းပြုစုခြင်းနှင့် အတူတကွပူးပေါင်း ပါဝင်ဆောင်ရွက်မှုတို့အတွက် အခြေအနေများပံ့ပိုးပေးခြင်းတို့ဖြင့် အသိုက်အဝန်းတည်ဆောက်ရာတွင် များစွာအသုံးဝင်ပေသည်။ ရှာဖွေမှတ်တမ်းတင်ခြင်းဆောင်ရွက်မှုများသည် အောက်ပါကိစ္စရပ်များကို အထောက်အကူပေးပါသည်။

- ရပ်ရွာလူထု၏ အခြေအနေနှင့် တန်ဖိုးထားမှုများကို ရပ်ရွာအသိုက်အဝန်း၏ ရှုထောင့်မှနေ၍ ပိုမိုတိကျစွာ ပုံဖော်ပေးနိုင်ပါသည်။ ရပ်ရွာသဘာဝသယံဇာတများကို မှတ်တမ်းတင်ခြင်း (CNRM) လုပ်ငန်းစဉ်တွင် အချက်အလက်များကို အားလုံးစုပေါင်းပါဝင်၍ စုဆောင်းခြင်းနှင့် စာရွက်စာတမ်းများဖြင့် မှတ်တမ်းတင်ခြင်းတို့ ပါဝင်ပါသည်။ ယင်းက ရပ်ရွာကို ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေပါသည်။ CNRM လုပ်ငန်းစဉ်မှတဆင့် ရပ်ရွာလူထုသည် ၎င်းတို့မြေယာများ၏ တန်ဖိုးကို သတ်မှတ်ပြီး ရှင်းလင်းခိုင်မာစွာ ပြောကြားနိုင်ပေသည်။ ထို့အပြင် ရပ်ရွာလူထု၏ ဂုဏ်သိက္ခာကို တိုးမြင့်စေသလို ရပ်ရွာအတွင်းရှိ လူတိုင်းလူတိုင်းသည် ထိုတန်ဖိုးများကို မည်သို့ဖန်တီး ပုံဖော်နိုင်သည်ကိုလည်း ပိုမိုကောင်းမွန်စွာ နားလည် သဘောပေါက်လာနိုင်ပါသည်။

- စီမံကိန်းကြောင့် ဖြစ်လာနိုင်ခြေရှိသော အကျိုးသက်ရောက်မှုအတိုင်းအတာကို ပိုမိုတိကျစွာ ဖော်ထုတ်နိုင်ပါသည်။ အလားတူပင် ရပ်ရွာကျန်းမာရေးသက်ရောက်မှုကို ဆန်းစစ်ခြင်း (CHIA) လုပ်ငန်းစဉ်တွင်လည်း အချက်အလက်များကို အားလုံးစုပေါင်းပါဝင်စုဆောင်းခြင်းနှင့် စာရွက်စာတမ်းများဖြင့် မှတ်တမ်းတင်ခြင်းတို့ ပါဝင်ပါသည်။ ယင်းကလည်း ရပ်ရွာကို ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေပါသည်။ စီမံကိန်းက ရပ်ရွာအသိုက်အဝန်းတစ်ခုလုံးအပေါ် မည်သို့သော အကျိုးဆက်ဆိုးများ ဖြစ်ပေါ်နိုင်သည်ဆိုသည်နှင့်ပတ်သက်၍ ယေဘုယျနားလည်မှုတစ်ခုကို ရယူနိုင်ခြင်းဖြင့် ရပ်ရွာ၏ စည်းလုံးညီညွတ်မှုကိုလည်း တိုးမြှင့်စေနိုင်သလို အရေးဆိုတိုက်တွန်းခြင်းများအတွက် ၎င်းတို့ကိုယ်တိုင်ဦးစီးကာ သက်သေအထောက်အထားများကို ရှာဖွေတည်ဆောက်ခြင်းဖြင့် ရပ်ရွာ၏ ဂုဏ်သိက္ခာကိုမြှင့်တင်ပေးနိုင်ပါသည်။ ထိုသို့မြှင့်တင်နိုင်ရန် အချက်အလက်မှတ်တမ်းများ ရယူခြင်းလုပ်ငန်းစဉ်က အကူအညီပြုနိုင်ပါသည်။

- စီမံကိန်းတွင်ပါဝင်သည့် သက်ဆိုင်ရာအဖွဲ့အစည်းများကို ခွဲခြားသတ်မှတ်ရပါမည်။ ၎င်းတို့၏ လုပ်နိုင်စွမ်းအတိုင်း အဆနှင့် မိမိတို့ဘက်တော်သား သို့မဟုတ် ဆန့်ကျင်ဘက်လားဆိုသည့် ရပ်တည်ချက်များကိုလည်း ပိုင်းခြားအကဲဖြတ်ရပါမည်။ အကျိုးစီးပွားတွင် ပါဝင်ပတ်သက်နေသူများနှင့် လုပ်ပိုင်ခွင့်အာဏာတည်ရှိနေမှုများနှင့်ပတ်သက်၍ ပြုစုမှတ်တမ်းတင် လေ့လာခြင်းတို့သည် လုပ်ရိုးလုပ်စဉ်ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် ထိရောက်သောလှုပ်ရှားမှုနှင့် အရေးဆိုတိုက်တွန်းမှု ဗျူဟာများလည်း ဖြစ်ပါသည်။

- ယင်းအဖွဲ့အစည်းများနှင့် စပ်လျဉ်းသော ဥပဒေဆိုင်ရာ တာဝန်များ၊ ကတိကဝတ်များနှင့် မိမိဘက်က အသုံးချနိုင်မည့် အလားအလာရှိသော အခြားအခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ရပါမည်။ ထိုနည်းတူပင် တရားဝင်နည်းလမ်း အပြင် အခြားသော ဆောင်ရွက်၍ရနိုင်သည့် နည်းဗျူဟာများအားလုံးကို ရှာဖွေဖော်ထုတ်သတ်မှတ်ရပါမည်။ ရပ်ရွာကဦးဆောင်သော နစ်နာမှုဖြေရှင်းရေးနည်းလမ်း (CD-OGM) ကို ရေးဆွဲရာတွင် အားလုံးပါဝင်သော ပူးပေါင်းလုပ်ဆောင်ခြင်းများ ပါရှိပေသည်။ ထိုသို့ ပူးပေါင်းလုပ်ဆောင်ရာတွင် လုပ်ငန်းစဉ်အဆင့်များ၊ ကြီးကြပ်မှုလုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မှုများ စသည့် အဆင့်ဆင့်တိုင်းတွင် လူတိုင်းထံမှ အကြံဉာဏ်များ ရယူခြင်းတို့လည်း ရှိရမည်ဖြစ်သည်။ ယင်းသည် မိမိကိုယ်ကိုယုံကြည်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ကို တိုးတက်အားကောင်းစေပါသည်။ အကောင်အထည်ပေါ်လာသော သို့မဟုတ် ညှိနှိုင်းထားသော CD-OGM ကို ရရှိအောင်မြင်မှုများသည် ရပ်ရွာ၏ ဂုဏ်သိက္ခာ၊ မိမိကိုယ်မိမိ ယုံကြည်မှုနှင့် စည်းလုံးမှုကို တိုးမြင့်စေနိုင်ပါသည်။

### ၂.၃.၂။ သင်တန်းနှင့် ဆွေးနွေးပွဲများ

ရပ်ရွာအစုအဖွဲ့များသည် အရေးကြီးသော အသိပညာအရင်းမြစ်များဖြစ်ကြပါသည်။ သို့သော် ၎င်းတို့သည် စီမံကိန်းအကြောင်း၊ ၎င်းတို့၏ အခွင့်အရေးများအကြောင်းနှင့် ယင်းအခွင့်အရေးများကို မည်သို့ကာကွယ်ရမည်ကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်စေမည့် အသိပညာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ကြမည် မဟုတ်ပေ။ သင်တန်းများပေးခြင်းသည် ရပ်ရွာလူထုအနေနှင့် ၎င်းတို့၏ မဟာဗျူဟာများကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေပါသည်။ အောက်ပါသင်တန်းများအပြင် အသုံးတည့်မည့် သင်တန်းအမျိုးမျိုးရှိပါသည်။

- **ကျွမ်းကျင်မှုနှင့် အသိပညာအခြေခံ -** ဤသင်တန်းများသည် အခြေအနေ အကြောင်းအရာအပေါ် မူတည်ပြီး သီးသန့်သင်တန်းများဖြစ်နိုင်ပါသည်။ အထက်တွင် ဆွေးနွေးခဲ့သော ရှာဖွေမှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများတွင် မည်ကဲ့သို့ ပါဝင်နိုင်သည်ကို သင်တန်းပေးခြင်းမျိုး၊ သို့မဟုတ် စေ့စပ်ညှိနှိုင်းမှုစွမ်းရည်နှင့် လူအများရှေ့ စကားပြောစွမ်းရည်များ ဖွံ့ဖြိုးရေးသင်တန်း၊ သို့မဟုတ် အခြားသော နည်းပညာဆိုင်ရာ ကိစ္စရပ်များအတွက် သင်တန်းများ ပါဝင်နိုင်ပါသည်။

- **အခွင့်အရေးများအခြေခံ -** ဤသင်တန်းများသည် ရပ်ရွာလူထုအနေနှင့် ၎င်းတို့တွင် အခွင့်အရေးများရှိပြီး ယင်းအခွင့်အရေးများကို ခုခံကာကွယ်ရန် ကြိုးပမ်းနိုင်သော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အခွင့်အရေးများကို ကာကွယ်ခြင်းအကြောင်းကို နားလည်သဘောပေါက်စေရန် ကူညီပေးပါသည်။

- **ဥပဒေရေးရာ -** ဤသင်တန်းများသည် ရပ်ရွာလူထုအနေနှင့် ၎င်းတို့နှင့်ပတ်သက်သော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာဥပဒေများအပြင် စီမံကိန်းများနှင့်ပတ်သက်သည့် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဥပဒေများအကြောင်းကို နားလည်သဘောပေါက်စေရန် ကူညီပေးပါသည်။

- **နှီးနှောဖလှယ်ပွဲ (Forum Theater) -** ဤသည်မှာ ရပ်ရွာလူထုများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ ပါဝင်လာစေရန် လုပ်ဆောင်နိုင်သည့် သီးသန့်နည်းလမ်းတစ်ခုဖြစ်သည်။

- **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာလူထုကပါဝင်ခြင်း -** ဤသင်တန်းများသည် ရပ်ရွာလူထုအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း EIA လုပ်ငန်းစဉ်ကို နားလည်ရန်နှင့် ထိုသို့လုပ်ဆောင်သည့်အခါ ထိထိရောက်ရောက်ဖြစ်စေရန် မည်ကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုသည်နှင့်ပတ်သက်၍ အထောက်အကူ ဖြစ်စေပါသည်။

## ၂.၃.၃။ ရပ်ရွာအတွင်း အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုကို ကူညီပံ့ပိုးခြင်း

အရေအတွက်သည် ခွန်အားဖြစ်ပါသည်။ ထို့အတူပင် သတင်းအချက်အလက်နှင့် ဗဟုသုတတို့သည်လည်း ခွန်အားဖြစ်ပါသည်။ သတင်းအချက်အလက် ပိုရလာလေလေ အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာလေလေဖြစ်သည်။ အချင်းချင်းဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာလေလေ ရပ်ရွာလူထုသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပိုမိုကောင်းမွန်စွာချမှတ်နိုင်ပြီး စေ့စပ်ညှိနှိုင်းမှုများတွင် ပိုပြီး အားကောင်းမောင်းသန် ရှိလာလေလေဖြစ်သည်။


အစဥ်အလာအရ ဖယ်ကြဉ်ခြင်းခံထားရသော အသံများကို အားလုံးပါဝင်သော ဆက်သွယ်ဆောင်ရွက်မှုပုံစံဖြင့် ကြားသိနိုင်စေပါသည်။ ရပ်ရွာတွင် စုဖွဲ့ပေါင်းစည်းရန် အကြောင်းတစ်စုံတစ်ရာရှိနေခြင်းသည် လူအများပိုမိုပါဝင်နိုင်သော အခြေအနေတစ်ရပ်ကို ဖန်တီးပေးရန် အထောက်ကူဖြစ်စေပါသည်။ လူအများ ပိုမိုပါဝင်နိုင်သော အခြေအနေတစ်ရပ်သည် ပိုမိုခိုင်မာသော အသိုက်အဝန်းတစ်ခုကို ဖန်တီးပေးပါသည်။

ရပ်ရွာအစုအဖွဲ့တစ်ခုချင်းစီသည် ၎င်းတို့၏ စည်းရုံးရေးနှင့် ဆက်သွယ်ရေးဗျူဟာများကို မတူကွဲပြားစွာ စဉ်းစားဆောင်ရွက်ကြပါလိမ့်မည်။ ယင်းသို့ဆောင်ရွက်ရာတွင် အောက်ပါလုပ်ဆောင်ချက်များက အသုံးဝင်နိုင်ပါသည်။

- တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း။
- လက်ရှိအခြေအနေအပေါ် မေးခွန်းထုတ်ပြီး ပြန်လည်စဉ်းစားသုံးသပ်ခြင်း။
- ပုံမှန်စစ်ဆေးခြင်း။
- အလုပ်အဖွဲ့များ ထားရှိခြင်း။



# ၂.၄။ လှုပ်ရှားမှုတည်ဆောက်ခြင်း




လှုပ်ရှားမှုတစ်ရပ်တည်ဆောက်ရာတွင် ရပ်ရွာ၏ လိုအပ်ချက်များနှင့် လိုလားမှုများအပေါ်မူတည်ကာ ပံ့ပိုးကူညီသောမိတ်ဖက်အဖွဲ့အစည်း၏ အခန်းကဏ္ဍမှာ အခြေအနေအကြောင်းအရာကိုလိုက်၍ ကွဲပြားနေပါလိမ့်မည်။ ထိုကဲ့သို့ ပံ့ပိုးကူညီမှုသည် ပေါ်ပေါ်ထင်ထင် သို့မဟုတ် နောက်ကွယ်မှ ဖြစ်နိုင်သလို တစ်ဦးတည်းသော ပံ့ပိုးကူညီသည့်မိတ်ဖက်အဖွဲ့အစည်း သို့မဟုတ် ပိုမိုကျယ်ပြန့်သော ကွန်ရက်တစ်ခုလည်းဖြစ်နိုင်ပါသည်။

## ၂.၄.၁။ အရေးဆိုတိုက်တွန်းမှုများ

အရေးဆိုတိုက်တွန်းမှုများဆိုသည်မှာ ရပ်ရွာအတွင်းရင်ဆိုင်နေရသော ပြဿနာများကို ပိုမိုအာရုံစိုက်လာနိုင်စေရန် ရည်ရွယ်ပြီး လုပ်ဆောင်သော ကျယ်ပြန့်သည့်လှုပ်ရှားမှုများကို ရည်ညွှန်းပါသည်။ အရေးဆိုတိုက်တွန်းမှုသည် ပုံစံအမျိုးမျိုးရှိနိုင်ပြီး ရပ်ရွာ၏ ရည်မှန်းချက်များ၊ လွှမ်းမိုးနိုင်မှု အားသာချက်များနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများပေါ်မူတည်၍ သိမ်မွေ့သည့်ပုံစံမှအစ၊ ပညာပေးဆန်သည့်ပုံစံ အလယ်၊ ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်သည့်ပုံစံမျိုးအဆုံး စသဖြင့် ပုံစံအမျိုးမျိုးကွဲပြားနိုင်ပေသည်။ ဥပမာအားဖြင့် အောက်ပါအရေးဆိုတိုက်တွန်းမှုပုံစံများဖြစ်သည်။

- မိမိတို့၏အတွေ့အကြုံများကို အများသူငါတက်ရောက်သည့် ဆွေးနွေးပွဲ အခမ်းအနားများတွင် တက်ရောက်ပြောဆို မျှဝေခြင်း။
- CNRM နှင့် CHIA တို့မှ ထွက်လာသော အစီရင်ခံစာမှတ်တမ်းများအပါအဝင် အထောက်အထားများနှင့် သုတေသနမှတွေ့ရှိချက်များကိုတင်ပြခြင်း။
- ကွန်ရက်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ခြင်း။
- သတင်းစာရှင်းလင်းပွဲများ ကျင်းပခြင်း၊ ရပ်ရွာလူထု၏ အခြေအနေများကို လာရောက်လေ့လာရန် သတင်းထောက်များကို ဖိတ်ခေါ်ခြင်း၊

- ရပ်ရွာလူထု၏ အဖြစ်အပျက်များကို မှတ်တမ်းတင်မျှဝေရန် ရုပ်ရှင်ဒါရိုက်တာများနှင့် ချိတ်ဆက်ခြင်း စသဖြင့် မီဒီယာကို နည်းလမ်းအမျိုးမျိုးဖြင့်အသုံးပြုခြင်း။
- ဆန္ဒပြပွဲများ၊ ဆန္ဒထုတ်ဖော်ပွဲများနှင့် ရပ်ရွာလှုပ်ရှားမှုပွဲများအပါအဝင် တိုက်ရိုက်လှုပ်ရှားဆောင်ရွက်မှုများ။ ကုမ္ပဏီ သို့မဟုတ် အစိုးရအဆင့်တွင် အပြောင်းအလဲများဖြစ်ပေါ်လာစေရန် ၎င်းတို့ထံ ပေးစာများ သို့မဟုတ် အခြားစာရွက်စာတမ်းများ တိုက်ရိုက်ပေးပို့ခြင်း။

## ၂.၄.၂။ မိတ်ဖက်အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အောင်မြင်သော လှုပ်ရှားမှုတစ်ခုဖြစ်ရန် ရပ်ရွာလူထုများသည် အဓိကအခန်းကဏ္ဍတွင်ရှိသော်လည်း မိတ်ဖက်များ၊ ကွန်ရက်များနှင့် အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းက ၎င်းတို့အား ပိုမိုအားကောင်းလာစေရန် အထောက်အကူပေးနိုင်ပါသည်။ ဤအဖွဲ့များသည် လိုအပ်သည့် ကျွမ်းကျင်မှုများကို လက်လှမ်းမီနိုင်ပါသည်။ ဖြစ်ပျက်နေသည့်အခြေအနေကိုလည်း ပိုမိုကျယ်ပြန့်သော လူထုပရိသတ်ထံသို့ အသိပေးနိုင်ပါသည်။ မဟာဗျူဟာနှင့် အကြံဉာဏ်များကို မျှဝေပေးနိုင်သော အခွင့်အလမ်းများကိုလည်း ကမ်းလှမ်းလာနိုင်ပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုပုံစံမျိုးကို အသွင်သဏ္ဍာန်တူပြဿနာများ ကြုံတွေ့နေရသည့် အခြားသောရပ်ရွာအစုအဖွဲ့များအကြား သို့မဟုတ် ရပ်ရွာအစုအဖွဲ့အတွင်းက မတူညီသောအုပ်စုများနှင့်လည်း ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် အခြား NGO များ၊ ပညာရှင်များ၊ မူဝါဒဆိုင်ရာ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်နိုင်ပါသည်။

ဤလုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများနှင့် ကွန်ရက်များသည် ဆုံးဖြတ်ချက်ချမှတ်မှုများအပေါ် ဩဇာလွှမ်းမိုးခြင်း သို့မဟုတ် ရပ်ရွာ၏ဦးဆောင်မှုကို အားနည်းလာစေအောင် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ရပ်ရွာများနှင့်အတူ စစ်မှန်သောညီညွတ်မှုဖြင့် တသားတည်း ရပ်တည်လုပ်ကိုင်ရန် လိုပါသည်။

## ၂.၄.၃။ စီမံကိန်းနှင့် ပတ်သက်စပ်ဆိုင်သူများနှင့် ဆက်ဆံခြင်း

ရပ်ရွာအစုအဖွဲ့သည် အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းနှင့်ပတ်သက်စပ် ဆိုင်သည့် အဖွဲ့အစည်းနှင့်လူပုဂ္ဂိုလ်များကို တိုက်ရိုက်ဆက်ဆံလိုခြင်း၊ မဆက် ဆံလိုခြင်းများ ရှိနိုင်ပါသည်။ အကြောင်းအရာပေါ်မူတည်၍ ၎င်းတို့၏ ထိတွေ့ဆက်ဆံနိုင်မှု အတိုင်းအတာသည်လည်း ကွဲပြားပါမည်။ ထိတွေ့ဆက်ဆံမှု သည် တရားဝင်သဘောသော်လည်းကောင်း၊ အလွတ်သဘောသော်လည်း ကောင်း ဖြစ်နိုင်ပါသည်။ ပူးပေါင်းဆောင်ရွက်သည့်ပုံစံ သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်သည့်ပုံစံလည်း ဖြစ်နိုင်ပေသည်။ ထိုကိစ္စရပ်များမှာ ရပ်ရွာ၏ ရည်မှန်း ချက်ပန်းတိုင်များ၊ ၎င်းတို့တွင်ရှိသော ဩဇာအာဏာ၊ လုံခြုံရေးအန္တရာယ်များနှင့် အခြားဆက်စပ်သော အကြောင်းအရာများပေါ်တွင် မူတည်ပေလိမ့်မည်။ ထိတွေ့ဆက်ဆံမှုသည် ပုံစံအမျိုးမျိုးရှိနိုင်ပြီး အောက်ပါ ဥပမာများလည်းပါဝင်နိုင်ပေသည်။

- စီမံကိန်းနှင့်ပတ်သက်စပ်ဆိုင်သူများနှင့် တိုက်ရိုက်တွေ့ဆုံခြင်း။
- CNRM နှင့် CHIA မှထွက်ရှိလာသော အစီရင်ခံစာများကဲ့သို့သော စီမံကိန်းနှင့်ဆက်စပ်သည့် သုတေသနနှင့် လေ့လာသုံးသပ်မှုများကို မျှဝေခြင်း။
- တရားဝင်ပုံစံ ဆွေးနွေးတိုင်ပင်မှုများ၊ အကျိုးသက်ဆိုင်သူများ ပါဝင်သည့် အခမ်းအနားများ၊ ရပ်ရွာစောင့်ကြည့်ရေး လှုပ်ရှားမှုများ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် ရပ်ရွာလူထု ပါဝင်မှုများ။

ထိတွေ့ဆက်ဆံခြင်းတို့ကို အခြားမဟာဗျူဟာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် တရားဝင်တိုင်ပင်ဆွေးနွေးသော အခမ်းအနားများတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း သို့မဟုတ် သုတေသနသုံးသပ်ချက်များကို ဖြန့်ဝေခြင်းကဲ့သို့သော အရေးဆိုတိုက်တွန်းလှုံ့ဆော်မှုများ၌ သုတေသနနှင့် လေ့လာသုံးသပ်မှုရလဒ်များကို အသုံးပြုနိုင်ပါသည်။ ပိုမိုကျယ်ပြန့်သော လူထုပရိသတ်ထံ ရောက်ရှိစေရန်အတွက် ထိတွေ့ဆက်ဆံလှုပ်ရှားမှုများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ရက်များနှင့်အတူ လုပ်ဆောင်နိုင်ပါသည်။ ထို့အပြင် စီမံကိန်းနှင့်ဆက်နွယ်နေသူများနှင့် ထိတွေ့ဆက်ဆံရန်မှာ တာဝန်ခံမှုယန္တရားလုပ်ငန်းစဉ်များ သို့မဟုတ် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များတွင် တစ်စိတ်တစ်ပိုင်း ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။

ရပ်ရွာအစုအဖွဲ့တို့သည် မိမိတို့၏ ထိတွေ့ဆက်ဆံရေးပုံစံကို အမြဲတမ်း ပြန်လည်အကဲဖြတ်နိုင်ပါသည်။ ဥပမာအားဖြင့် တိုက်ရိုက်တွေ့ဆုံမှုများနှင့် ပူး ပေါင်းလုပ်ဆောင်ရန် ကြိုးစားမှုများသည် အလုပ်မဖြစ်ပါက ရပ်ရွာအစုအဖွဲ့များအနေနှင့် အရေးဆိုမှုများ၊ သပိတ်များ၊ ဆန္ဒပြမှုများ စသည်တို့ကို လုပ်ဆောင်ရန် သို့မဟုတ် ဖြစ်ပေါ်နေသည့်အခြေအနေများကို အများပြည်သူတို့ ပိုမိုသိအောင်ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်ပါသည်။ အကယ်၍ လုံခြုံရေးအန္တရာယ်များ ပေါ်ပေါက်လာပါက ရပ်ရွာအစုအဖွဲ့အနေနှင့် ၎င်းတို့၏ ထိတွေ့ဆက်ဆံရေးပုံစံကို ပြောင်းလဲနိုင်ပါသည်။ သို့မဟုတ် လုံးဝ ရပ်တန့်လိုက်နိုင်ပါသည်။

## ၂.၄.၄။ ဥပဒေနည်းလမ်းအတိုင်း သို့မဟုတ် ဥပဒေနည်းလမ်းမကျတကျ လုပ်ငန်းစဉ်များတွင် ပါဝင်ခြင်း

စီမံကိန်းတစ်ခု၏ ထိခိုက်မှုများကို ပြန်လည်ကုစားရန် ဥပဒေနည်းလမ်းအတိုင်း သို့မဟုတ် ဥပဒေနည်းလမ်းမကျတကျဖြင့် သုံးလေ့ရှိကြသည်။ စီမံကိန်းကို ယာယီ သို့မဟုတ် လုံးဝရပ်တန့်ရန်အတွက် ကြိုးစားဆောင်ရွက်ရာတွင်လည်း ယင်းနည်းလမ်းတို့ကို အသုံးပြုနိုင်ပါသည်။ အချို့သောနည်းလမ်းများမှာ အလွယ်တကူ လက်လှမ်းမီနိုင်သော်လည်း လုံလောက်သည့် ရလဒ်များ ထွက်ပေါ်လာမှုမရှိနိုင်ပေ၊ သို့မဟုတ် ကျင့်သုံးဆောင်ရွက်နိုင်မည် မဟုတ်ပေ။ တရားရုံးများကဲ့သို့သော ပိုမိုခိုင်မာသည့် အခြားလုပ်ငန်းစဉ်များသည်လည်း အချိန်ကုန်ပြီး ငွေကုန်ကြေးကျများနိုင်ပါသည်။ ဤလုပ်ငန်းစဉ်များသည် ၎င်းတို့၏ လုပ်ဆောင်ပုံနှင့် မျှော်မှန်းရလဒ်များအလိုက်လည်း ကွဲပြားကြပါသည်။ ယင်းတို့သည် ပြဿနာကို ဖြေရှင်းရန် သို့မဟုတ် တာဝန်ခံမှုရှိရန် တစ်ခုခုကို အလေးပေးမှုရှိနိုင်ပေသည်။

ရပ်ရွာအစုအဖွဲ့သည် ဥပဒေနည်းလမ်းတကျ သို့မဟုတ် ဥပဒေနည်းလမ်းမကျတကျ လုပ်ငန်းစဉ်များကို အခြားမဟာဗျူဟာများနှင့် ပေါင်းစပ်ပြီးလည်း အသုံးပြုနိုင်ပေသည်။ ဥပမာအားဖြင့် အမှုဖွင့်တိုင်ကြားခြင်းကြောင့် လူအများနှင့် မီဒီယာတို့၏အာရုံစိုက်မှုကို ရရှိနိုင်ပါသည်။ ယင်းက စီမံကိန်းနှင့်သက်ဆိုင်သူများကို ဖိအားဖြစ်စေနိုင်ပြီး ရပ်ရွာအတွက် အားတစ်ခု ဖြစ်လာစေပါသည်။ သို့ရာတွင် ရပ်ရွာလူထုက အရေးဆိုတိုက်တွန်းမှု၊ လှုပ်ရှားမှုများ ဆောင်ရွက်ပါက အချို့သောလုပ်ငန်းစဉ်များသည် တိုင်ကြားမှုများကို ရှေ့ဆက်မတိုးနိုင်ရန် တားမြစ်လာနိုင်ပါသည်။ သို့မဟုတ် လူသိရှင်ကြားပြောနိုင်သည့်အရာများကို ကန့်သတ်ထားနိုင်ပါသည်။ ထို့အပြင် ဤလုပ်ငန်းစဉ်များတွင် ပါဝင်သည့် ကုမ္ပဏီ သို့မဟုတ် အစိုးရတို့က လက်တုံ့ပြန်မည့်အန္တရာယ်များလည်း ရှိနိုင်ပေသည်။ ထို့ကြောင့် ရွေးချယ်စရာများကို အကဲဖြတ်သုံးသပ်သည့်အခါ လုံခြုံရေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားရပေမည်။

လေ့လာမှတ်တမ်းတင်သည့်လုပ်ဆောင်မှုများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသည် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဥပဒေဆိုင်ရာ အကာအကွယ်များ၊ လူ့အခွင့်အရေးစံနှုန်းများအပြင် စီမံကိန်းတွင်ပါဝင်သည့် အဖွဲ့အစည်းများ၏ တာဝန်များနှင့် ကတိကဝတ်များကို နားလည်သဘောပေါက်ရန် အထောက်အကူဖြစ်စေပါသည်။ ယင်းသည် ရပ်ရွာလူထုအား မည်သည့်လုပ်ငန်းစဉ်များက ဖြစ်နိုင်ခြေအရှိဆုံးနှင့် အကျိုးအများဆုံးဖြစ်သည်ဟူသော မဟာဗျူဟာမြောက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် ကူညီပေးနိုင်ပါသည်။

သက်ဆိုင်ရာ ဥပဒေနည်းလမ်းတကျ သို့မဟုတ် ဥပဒေနည်းလမ်းမကျတကျ လုပ်ငန်းစဉ်များတွင် အောက်ပါဥပမာများ ပါဝင်နိုင်ပေသည်။

- **တရားရုံးသို့လျှောက်ထားခြင်း(တရားစွဲဆိုခြင်း) -** အခြေအနေအပေါ်မူတည်၍ ရပ်ရွာအစုအဖွဲ့သည် ပြည်တွင်းတရားရုံး သို့မဟုတ် ကုမ္ပဏီ၏ မိခင်နိုင်ငံရှိ တရားရုံးများသို့ ဦးတိုက်လျှောက်ထားနိုင်ပါသည်။

- **ပြည်တွင်း၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများကို အသုံးပြုခြင်း -** အခြေအနေအပေါ်မူတည်၍ ရပ်ရွာလူထုသည် အမျိုးသားလူ့အခွင့်အရေးကော်မရှင် သို့မဟုတ် စုံစမ်းရေးမှူး သို့မဟုတ် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ပါသည်။ ထို့အပြင် ရပ်ရွာအစုအဖွဲ့များသည် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများထံမှလည်း ပံ့ပိုးကူညီမှုများကို ရယူနိုင်ပေသည်။

- **တာဝန်ယူတာဝန်ခံမှုရှိစေသည့် ပြင်ပလုပ်ငန်းစဉ်ယန္တရားများကို အသုံးပြုခြင်း -** စီမံကိန်းအများအပြားသည် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်များ သို့မဟုတ် အခြားငွေချေးသူများထံမှ ပြင်ပရန်ပုံငွေများ ရလေ့ရှိပါသည်။ ဤအဖွဲ့အစည်းများတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များပါရှိသလို ငွေချေးယူသူ (ကုမ္ပဏီ သို့မဟုတ် အစိုးရ) က အဆိုပါလမ်းညွှန်ချက်များကို မလိုက်နာလျှင် တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်ယန္တရားများလည်းပါရှိလေ့ရှိသည်။ အချို့သောကုမ္ပဏီများသည် အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သော စီမံချက်များ သို့မဟုတ် အသိအမှတ်ပြုခြင်း အစီအစဉ်များတွင် ပါဝင်ကြသည်။ ယင်းအစီအစဉ်တို့တွင် ကတိကဝတ်များ၊ တာဝန်ဝတ္တရားများနှင့် ယင်းတို့ကို ချိုးဖောက်ပါက တိုင်ကြားနိုင်သည့် ယန္တရားများပါရှိပါသည်။ ထို့အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (OECD) အဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် နိုင်ငံအဆင့် ဆက်သွယ်နိုင်သည့် အဖွဲ့အစည်း/ပုဂ္ဂိုလ်များကို လူမှုအသိုင်းအဝိုင်းများအနေနှင့် တိုင်ကြားဆောင်ရွက်နိုင်ပါသည်။

- **မကျေနပ်မှုများဖြေရှင်းရေး ဒေသန္တရအဆင့် လုပ်ငန်းစဉ်ယန္တရား -** စီးပွားရေးလုပ်ငန်းအားလုံးသည် စီမံကိန်း၏ သက်ရောက်မှုများကို ကုစားရန် မကျေနပ်ချက်များဖြေရှင်းရေး ဒေသန္တရအဆင့် လုပ်ငန်းစဉ်ယန္တရားတစ်ခုကို ထားရှိလေ့ရှိသည်။ အကယ်၍ မရှိခဲ့လျှင် သို့မဟုတ် ယင်းလုပ်ငန်းစဉ်က အားနည်းနေလျှင် ရပ်ရွာကဦးဆောင်သော နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းအဖွဲ့ယန္တရား (Community Driven Operational-level Grievance Mechanism - CD-OGM) ရေးဆွဲခြင်းသည် အခြားသောနည်းနာကိရိယာများမှတစ်ဆင့် ဖော်ထုတ်ထားသော ပြဿနာများကိုဖြေရှင်းရန် နည်းလမ်းတစ်ခု ပေးနိုင်ပါသည်။

- **ပြဿနာဖြေရှင်းရေး အခြားသော ဒေသန္တရအဆင့်လုပ်ငန်းစဉ်များ -** (အခြေအနေအပေါ် မူတည်ပါသည်။)

# ၄ LEAD နှင့် လူ့အခွင့်အရေးများ

LEAD နည်းနာကိရိယာများနှင့် လုပ်ဆောင်ချက်များသည် စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို မျက်နှာချင်းဆိုင်ကာ ရပ်ရွာလူထု၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ လူ့အခွင့်အရေးများဆိုရာတွင် သတင်းအချက်အလက်များ ရယူပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ကုစားမှုများရရှိခွင့် စသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများ ပါဝင်ပါသည်။ ထို့အပြင် ယင်းအခွင့်အရေးတို့တွင် ပြည့်စုံလုံလောက်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်၊ သန့်ရှင်းသောပတ်ဝန်းကျင်ရပိုင်ခွင့်၊ ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်၊ ပြန် လည်နေရာချထားရေးဆိုင်ရာ အခွင့်အရေးများနှင့် အခြားသော အခြေခံအခွင့်အရေးများလည်း ပါဝင်ပါသည်။ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ထိတွေ့ဆက်ဆံရေးလုပ်ဆောင်ချက်များ ပါဝင်သည့် နည်းနာကိရိယာများသည် ရပ်ရွာလူထုအနေနှင့် သတင်းအချက်အလက်ရယူမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် ကုစားမှုတို့ကို လက်လှမ်းမီနိုင်ရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို ထိထိရောက်ရောက် ကျင့်သုံးနိုင်ရန် ကူညီပေးနိုင်ပေသည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးခြင်းသည် ထိုအခြေခံလူ့အခွင့်အရေးများကို ကာကွယ်ပေးပါသည်။ ဥပမာအားဖြင့် သတ္တုတွင်းစီမံကိန်းတစ်ခုမှ စွန့်ထုတ်လိုက်သော အညစ်အကြေးများက ရပ်ရွာပတ်ဝန်းကျင်ရှိ ရေအရင်းအမြစ်များထဲသို့ ရောက်ရှိလာနိုင်သည့် အန္တရာယ်ရှိပြီး ယင်းကြောင့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေး၊ လုံလောက်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်နှင့် ကျန်းမာသော ပတ်ဝန်းကျင်ရပိုင်ခွင့်အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ထိုအခါ သတင်းရယူခွင့်နှင့် ပါဝင်ခွင့်ဆိုင်ရာအခွင့်အရေးများကို ကျင့်သုံးခြင်းအားဖြင့် ယင်းအန္တရာယ်များကို လျော့ပါးစေနိုင် သို့မဟုတ် ကာကွယ်နိုင်ပါသည်။ အရေးပါသည့် ထိုအခွင့်အရေးများကို ချိုးဖောက်ခံရလျှင် ကုစားခွင့်ကို ကျင့်သုံးခြင်းအားဖြင့် လျော်ကြေးငွေ ရယူနိုင်ပါသည်။

သတင်းအချက်အလက်ရပိုင်ခွင့်၊ ပူးပေါင်းပါဝင်ခွင့်နှင့် ကုစားခွင့် စသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို 'အခြေခံ' အခွင့်အရေးများအဖြစ် အသိအမှတ်ပြုထားပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကဲ့သို့သော နိုင်ငံတကာလူ့အခွင့်အရေးစာတမ်းကြီးများတွင် ရှင်းလင်းစွာဖော်ပြထားပါသည်။ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာများတွင် ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများ၌ ကုစားမှုဆိုင်ရာကဏ္ဍတစ်ရပ်လုံး ပါဝင်ပါသည်။ လူ့အခွင့်အရေးမထိခိုက်စေရေး ကြိုးပမ်းကာကွယ်ခြင်းချဉ်းကပ်မှုပုံစံကလည်း အခွင့်အရေးရှိသူများနှင့် ထိတွေ့ဆက်ဆံရန် တိုက်တွန်းထားပါသည်။ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်း ရီယိုကြေညာစာတမ်း အပိုဒ် ၁၀ တွင် အဆိုပါအခွင့်အရေးသုံးခုစလုံးကို အတိအလင်းဖော်ပြထားပါသည်။ များပြားသော ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏ လမ်းစဉ်များ၊ အကာကွယ်ပေးရေးမူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများသည် သတင်းအချက်အလက်များမျှဝေခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းကဲ့သို့သော လုပ်ဆောင်မှုများကို နှိုးဆော်ထားပါသည်။ ထို့အပြင် ကုစားခြင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကိုလည်း ဆွေးနွေးထားပါသည်။ ထို့အပြင် ဤအခွင့်အရေးများနှင့်ပတ်သက်၍ နိုင်ငံတစ်ခုချင်းစီတွင် သီးခြားလုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများလည်း ရှိပါသည်။

LEAD သည် အထက်ပါအခွင့်အရေးများကို အခြေခံအခွင့်အရေးများအဖြစ် အသိအမှတ်ပြုခြင်းကို အလေးထားသည့်တပြိုင်နက်တည်းတွင် ထိုအခွင့်အရေးများကို အကောင်းဆုံးနည်းလမ်းများဖြင့် ခုခံကာကွယ်နိုင်ရန် စီမံကိန်းတစ်ခုချင်းစီနှင့် ကိုက်ညီမည့် သက်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဘောင်များနှင့် ကတိကဝတ်များအားလုံးကို လမ်းကြောင်းချမှတ်ရာတွင် များစွာကူညီပါလိမ့်မည်။

**သတင်းအချက်အလက်ရယူပိုင်ခွင့်** - ရပ်ရွာအစုအဖွဲ့များသည် စီမံကိန်း၏ အဆင့်တိုင်းတွင် ဖြစ်ပျက်နေသမျှကို ကောင်းစွာနားလည်သဘောပေါက်ရန် အခွင့်အရေးရှိပါသည်။ သို့သော်လည်း အများစုသော စီမံကိန်းများရှိရာ ရပ်ရွာများ၌ သတင်းအချက်အလက်ရရှိ

ရေးမှာ သိသာထင်ရှားသော အတားအဆီးတစ်ခုအဖြစ် ဆက်လက်ရှိနေသေးသည်။ CNRM နှင့် CHIA ကဲ့သို့သော သတင်းအချက်အလက်စုဆောင်းခြင်း နည်းကိရိယာများသည် လူမှုအသိုင်းအဝိုင်းများအနေနှင့် ကိုယ်ပိုင်အချက်အလက်များ စုဆောင်းနိုင်ရန် ကူညီပေးသည့်အပြင် ၎င်းတို့ လက်လှမ်းမီစွာသိရှိရန် လိုအပ်နေသေးသော စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်း၏ ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များ၊ မည်သူက ပါဝင်ပတ်သက်နေသနည်းနှင့် အဖွဲ့အစည်းတစ်ခုစီ၏ တာဝန်ဝတ္တရားများကို သိရှိနိုင်စေရန် ကူညီပေးနိုင်ပါသည်။ အချက်အလက် ရှာဖွေမှတ်တမ်းတင်ခြင်း လေ့ကျင့်ခန်းများသည် LEAD နည်းလမ်းကိရိယာများကို အထောက်အကူဖြစ်စေပြီး အချက်အလက်များကို မည်သည့်နေရာနှင့် မည်သူ့ထံမှ ရှာဖွေတောင်းဆိုရမည်ကို ခွဲခြားသိရှိနိုင်ရန်လည်း အထောက်အကူဖြစ်စေပါသည်။

**ပါဝင်ဆောင်ရွက်နိုင်ခွင့်** - ပါဝင်ဆောင်ရွက်နိုင်ခွင့် အခွင့်အရေးများသည် အရေးကြီးသော အခွင့်အရေးများ (substantive rights) ကို ကာကွယ်ရာတွင် အဓိကကျပါသည်။ ဌာနေတိုင်းရင်းသားများဆိုင်ရာ ကိစ္စရပ်များတွင် "အဓိပ္ပာယ်ပြည့်ဝသော ထိတွေ့ဆက်ဆံမှု"များ၊ တိုင်ပင်ဆွေးနွေးမှုများနှင့် လွတ်လပ်သော၊ ကြိုတင်အသိပေးထားသော သဘောတူညီချက်များရှိရန်အတွက် လိုအပ်ချက်များသည် ရပ်ရွာလူထုအတွက် ၎င်းတို့၏ အမြင်များပေးနိုင်ရန်၊ စိုးရိမ်မှုများကိုထုတ်ဖော်ရန်နှင့် ဖြေရှင်းနည်းများနှင့် အခြားရွေးချယ်စရာများကို အဆိုပြုရန် အခွင့်အလမ်းတစ်ရပ်ပေးပါသည်။ စီမံကိန်းအနေနှင့် ရပ်ရွာကို အန္တရာယ်မရှိစေသည့် သို့မဟုတ် အန္တရာယ်ကို လျော့ပါးစေသည့် နည်းလမ်းဖြင့် ရှေ့ဆက်စေရာတွင် သေချာမှုရှိစေရန် ထိရောက်သော ထိတွေ့ဆက်ဆံမှုများက လွှမ်းမိုးနိုင်ပါသည်။ အချို့သောကိစ္စရပ်များတွင် အန္တ ရာယ်ရှိသောစီမံကိန်းကိုပင် ရပ်တန့်သွားစေနိုင်ပေသည်။ LEAD နည်းနာကိရိယာအားလုံးသည် ပူးပေါင်းပါဝင်မှုဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးရာတွင် ကူညီပေးနိုင်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် ရပ်ရွာလူထုကပါဝင်ခြင်း လုပ်ငန်းစဉ်သည် ပူပေါင်းပါဝင်မှုကို ဗဟိုပြုထားသည့်အတွက် ပါဝင်ဆောင် ရွက်နိုင်ခွင့်နှင့် အနီးစပ်ဆုံးလုပ်ငန်းစဉ်ဖြစ်သည်။ ထိုကဲ့သို့ ထိတွေ့ပါဝင်နေစဉ်တွင် ရပ်ရွာအစုအဖွဲ့များအနေနှင့် ၎င်းတို့၏ပတ်ဝန်းကျင်နှင့် ရပ်ရွာများအပေါ် သက်ရောက်နိုင်ခြေရှိသော စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို မှတ်တမ်းတင်သည့် CNRM နှင့် CHIA ကဲ့သို့သော သတင်းအချက်အလက် စုဆောင်းခြင်းဆိုင်ရာ လုပ်ဆောင်မှုများမှ ရလဒ်များကို အသုံးချခြင်းဖြင့် ၎င်းတို့၏ရပ်တည်ချက်များကို ခိုင်မာအားကောင်းစေပါသည်။ CD-OGM ကို ရေးဆွဲခြင်းနှင့် အရေးဆို တုက်တွန်းခြင်းများ လုပ်ဆောင်နေစဉ်မှာပင် ရပ်ရွာလူထုအနေနှင့် ၎င်းတို့သင့်တော်ကောင်းမွန်မှုရှိသည်ဟု သတ်မှတ်သော ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ကျင့်သုံးနိုင်ပါသည်။

**ပြန်လည်ကုစားမှုရပိုင်ခွင့်** - ပြန်လည်ကုစားမှုကို ရပိုင်ခွင့်သည် လူ့အခွင့်အရေးများကို အဓိပ္ပာယ်ရှိအောင် ဆောင်ရွက်ပေးသည့် အရေးပါသော အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ စီမံကိန်းတစ်ခုသည် လူ့အခွင့်ရေးများကို ချိုးဖောက်ထိခိုက်သောအခါတွင် ရပ်ရွာအစုအဖွဲ့များအနေနှင့် ပြန်လည်ကုစားမှုများကို ရပိုင်ခွင့်ရှိပေသည်။ ဤအခွင့်အရေးတွင် ထိရောက်သော ကုစားမှုလုပ်ငန်းစဉ်ယန္တရားများနှင့် ပြည့်စုံလုံလောက်သော ပြန်လည်ကုစားမှုတို့ရရှိရေး နှစ်ခုစလုံးပါဝင်သည်။ သင့်တော်ကောင်းမွန်သော ဒေသန္တရအဆင့် ပြန်လည်ကုစားရေးလုပ်ငန်းစဉ်သည် မည်သို့မည်ပုံရှိသင့်ပြီး မည်ကဲ့ သို့သော တရားမျှတသည့်ကုစားမှုများဖြစ်ရမည်ကို ဆုံးဖြတ်ရာတွင် CD-OGM ကို ရေးဆွဲခြင်းက ရပ်ရွာများ၏ အခန်းကဏ္ဍကို ဗဟိုပြုရာရောက်ပြီး ဤအခွင့်အရေးကို ကျင့်သုံးနိုင်ရန် ကူညီပေးပါသည်။ LEAD နည်းနာကိရိယာအရင်းအမြစ်များတွင်ပါရှိသည့် အခြားသော ဖြည့်စွက်လုပ်ဆောင်မှုများဖြစ်သည့် လေ့လာမှတ်တမ်းတင်ရေး လုပ်ဆောင်ချက်များနှင့် တရားဥပဒေ နည်းလမ်းမကျတကျ မဟာဗျူဟာများသည် ပြန်လည်ကုစားခြင်းဆိုင်ရာ အခွင့်အရေးများကို ခိုင်မာစေပါသည်။ အလားတူပင် ဗျူဟာမြောက်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် ပြန်လည်ကုစားခြင်းဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ရာတွင် မည်သည့်နည်းလမ်းကို အသုံးပြုမည်ဆိုသည်နှင့်ပတ်သက်၍လည်း ခိုင်မာအားကောင်းစေနိုင်သည်။ အရေးကြီးသည့်အချက်မှာ CD-OGM တွင် ပါဝင်ခြင်းကြောင့် အခြားယန္တရားများ၌ ပါဝင်ရန်အတွက် အဟန့်အတား မဖြစ်စေပါ။

# ၄ မူဘောင် အသုံးပြုပုံ

ဤနည်းနာကိရိယာများသည် ရပ်ရွာအစုအဖွဲ့တစ်ခုချင်းစီ၏ အခြေအနေအကြောင်းအရာနှင့် လိုက်လျောညီထွေစွာ ပြောင်းလွယ်ပြင်လွယ်ဖြစ်စေရန် ရည်ရွယ်ထားပါသည်။ ရပ်ရွာနှင့်ဆက်ဆံရေး၊ ရပ်ရွာ၏ လက်ရှိစွမ်းဆောင်ရည်၊ စီမံကိန်းအကြောင်းသိရှိခြင်း၊ ရည်မှန်းချက် ပန်းတိုင်များ၊ လိုလားသည့် ပံ့ပိုးကူညီမှုများအကြောင်းနှင့်စပ်လျဉ်း၍ ပဏာမအချက်တချို့ကို ထည့်သွင်းစဉ်းစားပြီး စတင်လုပ်ဆောင်လျှင် အဆင်ပြေပါလိမ့်မည်။

အကယ်၍ ရပ်ရွာအစုအဖွဲ့တစ်ခုသည် ယခင်က မိမိတို့နှင့်တွဲဖက်၍ အလုပ်လုပ်ခဲ့ဖူးခြင်းမရှိပါက သို့မဟုတ် ထိုရပ်ရွာအစုအဖွဲ့သည် NGO၊ CSO များနှင့် ယုံကြည်မှုဆိုင်ရာ ပြဿနာများရှိပါက ၎င်းတို့နှင့် ဆက်ဆံရေးတည်ဆောက်ရန် သို့မဟုတ် ဆက်ဆံရေးကို ခိုင်မာစေအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ အကယ်၍ အဓိကဦးတည်ချက်မှာ ရပ်ရွာအတွင်း စည်းလုံးညီညွတ်ရေး၊ ခေါင်းဆောင်မှုနှင့် စိတ်ဝင်စားမှုတို့ကို တည်ဆောက်ရေး၊ သို့မဟုတ် စီမံကိန်းအကြောင်းကို ပိုမိုကောင်းမွန်စွာ နားလည်ရေး၊ စီမံကိန်းသည် ရပ်ရွာနှင့် ၎င်းတို့၏အခွင့်အရေးများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ဆိုသည်နှင့် အခွင့်အရေးများကို ပိုမိုကောင်းမွန်စွာ နားလည်စေရေး စသည်တို့အတွက် ပံ့ပိုးကူညီမည်ဆိုပါက ဤမူဘောင်ပါ ခေါင်းစဉ်နံပါတ် ၂.၃ 'အသိုက်အဝန်းတည်ဆောက်ခြင်း'ဖြင့် စတင်မည်ဆိုလျှင် အဆင်ပြေပါမည်။

အကယ်၍ ရပ်ရွာနှင့် ဆက်ဆံရေးရှိပြီးသားလည်းဖြစ်၊ ၎င်းတို့သည် စီမံကိန်းနှင့်ပတ်သက်၍ ကျယ်ပြန့်သော ရည်မှန်းချက်များကို စဉ်းစားနားလည်ထားပြီးလည်းဖြစ်ပါက ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များကို တိတိပပ ဖော်ထုတ်သတ်မှတ်ပြီး ဤမူဘောင်ပါ ခေါင်းစဉ်နံပါတ် ၂.၄ 'လှုပ်ရှားမှု တည်ဆောက်ခြင်း'ဖြင့် စတင်နိုင်ပါသည်။

ရပ်ရွာအစုအဖွဲ့နှင့်အတူ ၎င်းတို့၏ ဦးစားပေးများနှင့် ရည်မှန်းချက်ပန်းတိုင်များအပေါ် အခြေခံ၍ မည်သည့် နည်းနာကိရိယာများကို အသုံးပြုရမည်ကို ဆုံးဖြတ်နိုင်ရန် ပံ့ပိုးပေးရပါမည်။ ရပ်ရွာ၏ ပန်းတိုင်များပြောင်းလဲသွားခြင်း သို့မဟုတ် စီမံကိန်း၏ အခြေအနေများ ပြောင်းလဲသွားခြင်း စသော အခြေအနေအမျိုးမျိုးတွင် အခြေအနေအချိန်အခါအလိုက် အသုံးပြုသော နည်းလမ်းကိရိယာများက အနည်းနှင့်အများ အသုံးဝင်နိုင်ပါသည်။ နည်းလမ်းကိရိယာများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုနိုင်သလို အချင်းချင်းချိတ်ဆက်၍လည်း တည်ဆောက်နိုင်ပေသည်။



ဥပမာအားဖြင့် CNRM ကိုလုပ်ဆောင်ခြင်းသည် CHIA ကို ဆောင်ရွက်နေစဉ်ကဲ့သို့ပင် ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများကို တိုင်းတာရာတွင် အသုံးပြုနိုင်သည့် အခြေခံအချက်အလက်များကို ပေးနိုင်ပါသည်။ CNRM နှင့် CHIA နှစ်ခုစလုံး၏ ရလဒ်များကို CEWEIA လုပ်ငန်းစဉ်အတွင်း၌ အသုံးပြုနိုင်ပါသည်။ အလားတူပင် CD-OGM ရေးဆွဲသည့်အခါတွင်လည်း အသုံးပြုနိုင်ပါသည်။ အကယ်၍ လုပ်ငန်းစဉ်အတွင်း ရပ်ရွာကပေးသော အကြံဉာဏ်များကို မလိုက်နာခြင်းကြောင့် သက်ရောက်မှုများ ဖြစ်ပေါ်လာသည့်အခါ CEWEIA လုပ်ငန်းစဉ်တွင် ပါဝင်ထားခြင်းသည် ပြန်လည်ကုစားခြင်းအတွက် အထောက်အထားများကို ပံ့ပိုးပေးနိုင်ပါသည်။

CD-OGM လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲခြင်းသည် ညှိနှိုင်းမှုများ လုပ်ဆောင်ရာတွင် (ယင်းသည် EIA လုပ်ငန်းစဉ်အဆင့်တွင် ဖြစ်လေ့ရှိပါသည်။) ရပ်ရွာအနေနှင့် မိမိဘက်က အသုံးချနိုင်သော အားတစ်ရပ်လည်းဖြစ်နိုင်ပေသည်။ စီမံကိန်းကို ရပ်ရွာက သဘောတူမည်၊ အပြန်အလှန်အားဖြင့် ကုမ္ပဏီဘက်ကလည်း CD-OGM ကို သဘောတူရမည်ဟူသည့်အချက်ကို ထည့်သွင်းနိုင်ခြင်းကြောင့် ဖြစ်ပါသည်။



EarthRights International